vxqEqeusionrjym;rsm;

BALLOTS AGAINST PEOPLES' WILL

r m w u m

စဉ်	အကြောင်းအရာ	စာမျက်နှာ
က။	ဂုဏ်ပြုမှတ်တမ်းလွှာ	၃
ခ။	ကျေးဇူးတင်လွှာ	၄
၁။	ပလောင်အလုပ်အဖွဲ့၏ လူထုဆန္ဒခံယူပွဲ စောင့်ကြပ်ကြည့်ရှုခဲ့သော မဲရုံရှိရာဒေသပြမြေပုံ	၅
၂။	အစီရင်ခံစာ ရည်ရွယ်ချက်	၆
	အခန်း (၁)	
၃။	လူထုဆန္ဒခံယူပွဲနှင့် ပလောင်ဒေသအတွင်း နိုင်ငံရေးအခြေအနေများ	၇
	အခန်း (၂)	
၄။	လှုပ်ရှားဆောင်ရွက်ခဲ့သည့် နည်းလမ်းများ	၉
	ပလောင်အလုပ်အဖွဲ့၏ လူထုဆန္ဒခံယူပွဲ စောင့်ကြပ်ကြည့်ရှုခဲ့သော မဲရုံစာရင်း	၁၀
	အခန်း (၃)	
၅။	လူထုဆန္ဒခံယူပွဲမတိုင်မီ လှုပ်ရှားမှုများ	၁၂
	အခန်း (၄)	
၆။	လူထုဆန္ဒခံယူပွဲကျင်းပစဉ် မဲရုံနှင့်ပြည်သူလူထု အခြေအနေများ	၁၆
	အခန်း (၅)	
၇။	လူထုဆန္ဒခံယူပွဲ မဲရလဒ်များ	၂၅
	အခန်း (၆)	
၈။	လူထုဆန္ဒခံယူပွဲကျင်းပပြီး အခြေအနေများ	၂၇
	အခန်း (၇)	
၈။	ပလောင်အလုပ်အဖွဲ့၏ တိုက်တွန်းအကြံပြုချက်များ	၂၉
၉။	လူထုဆန္ဒခံယူပွဲအတွင်း မဲရုံများတွင်တွေ့ရှိသော အချက်အလက်ပြဇယား	၃၀
၁၀။	ပလောင်ဒေသမဲရုံအချို့၏ မဲကော်မရှင်နှင့် မဲရုံမှူးအမည်များစာရင်း	၃၂

* P jy\ r w w r ; v m

ယခုအစီရင်ခံစာတွင် နအဖစစ်အုပ်စု၏ လူထုဆန္ဒခံယူပွဲအတွင်း လိမ်လည်လှည့်ဖျားနည်းအမျိုးမျိုးကို အချက်အလက် တိတိကျကျရရှိစေရန် ကောက်ခံခဲ့ကြသော ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)၊ ပလောင်လူငယ် လုပ်ငန်းကွန်ယက်အဖွဲ့ (PYNG) နှင့် ပလောင်အမျိုးသမီး အစည်း အရုံး (PWO) တို့ဖြင့် စုစည်းဖော်ဆောင်ထားသော နအဖ၏ ဖွဲ့စည်းပုံအတည်ပြုရေး လူထုဆန္ဒခံယူပွဲအား ဆန့်ကျင်သည့် ပလောင်အလုပ် အဖွဲ့မှ အဖွဲ့ဝင်များ၊ ပလောင်လူထုများနေထိုင်ရာ နမ့်ဆန်၊ လားရှိုး၊ ကျောက်မဲ၊ မိုင်းငေါ်၊ သီပေါ်၊ မန်တုန်၊ နမ္မတူ၊ ကွတ်ခိုင်၊ နမ့်ခမ်း နှင့် မူဆယ်မြို့နယ်အတွင်းရှိ အလွှာအသီးသီးမှ တာဝန်သိ မျိုးချစ်ပလောင်လူကြီး၊ လူငယ်၊ အမျိုးသမီးများနှင့်အတူ အချက် အလက်များကို စနစ်တကျစုဆောင်းပေးကြသော အလုပ်အဖွဲ့ဝင်အားလုံးတို့ကို အလေးအနက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

aus;Z;wivm

ဤအစီရင်ခံစာတွင် သတင်းအချက်အလက်များကို စုံစုံလင်လင်ကောက်ခံနိုင်ရန် ကန့်ကွက်မဲလှုပ်ရှားမှုနှင့် မဲရုံစောင့်ကြည့်ရေးအတွက် ရံပုံငွေများ ကူညီထောက်ပံ့ပေးကြသော (National Endow - ment for Democracy-NED)၊ နာဂိုယာမှ ဆရာလေးဂျီကေးမဂျီးမား (Jokei Majima from Nagoya)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) နှင့် နိုင်ငံရေးအန်တုမှုကော်မီတီ (PDC)၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (SYCB)၊ အစီရင်ခံစာကို ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေနိုင်ရန်အတွက် အားတက်သရောကူညီပေးသည့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS) နှင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့ကြသော မိတ်ဆွေ ရဲဘော်ရဲမေညီအစ်ကိုမောင်နှမ အားလုံးတို့ကို ကျေးဇူးအထူးတင်ပါသည်။

နအဖ၏ လူထုဆန္ဒခံယူပွဲအား ဆန့်ကျင်သည့် ပလောင်အလုပ်အဖွဲ့
PSLF, PYNG, PWO

ပလောင်အလုပ်အခွံ့ ကို လူထုအခန်းပေး စောင့်ကြည်ရန်နဲ့ သော ဝန်ကိုင်ဆောင်ရွက်မှုပုံ

tp&icpm &n&,cu

အစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်မှာ ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့၌ကျင်းပခဲ့သော နအဖ၏ လူထုဆန္ဒခံယူပွဲရလဒ်အဖြေသည် တရားဝင်ရလဒ်အဖြေမဟုတ်ဘဲ ပြည်သူလူထုတို့ကို နည်းမျိုးစုံဖြင့် ဖိအားပေးကာ စစ်မှန်သော လူထုသဘောထားဆန္ဒအား ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်သည်ကို အများပြည်သူသိရှိစေရန် ဖော်ထုတ်ထားခြင်း ဖြစ်သည်။

နအဖ စစ်အစိုးရ၏ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးလူထုဆန္ဒခံယူပွဲတွင် ပြည်သူလူထု၏ သဘောထား အစစ်အမှန်ကို ဆန့်ကျင်ကာ အတင်းအဓမ္မထောက်ခံခိုင်းခြင်း၊ ကြိုတင်ထောက်ခံမဲပေးခြင်း၊ မဲလိမ်ခြင်း အစရှိသည့် လူထု၏ ရိုးသားသော သဘောထားဆန္ဒကို နည်းမျိုးစုံဖြင့် မတရားအလွဲသုံးစား လုပ်ခဲ့သည့် နအဖ စစ်အုပ်စု၏လုပ်ရပ်များကို ဤအစီရင်ခံတွင် ထည့်သွင်းရေးသားထားပါသည်။

နအဖ စိတ်ကြိုက်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုတော့မည့် စစ်အုပ်စု၏လုပ်ရပ်ကို နိုင်ငံတကာမိသားစုအပါအဝင် မြန်မာပြည်သူလူထုတရပ်လုံးက ဟန့်တားကန့်ကွက်ရာတွင် သက်သေအထောက်အထား အကူအညီပြုနိုင်မည်ဟု ယုံကြည်ရင်း ယခု အစီရင်ခံစာကို ပြုစုတင်ပြလိုက်ရခြင်းဖြစ်ပါသည်။

tce; (1)

vxqEc,lyEi yavmia'otwi; Eiia&;tajctaersm;



ပလောင်တိုင်းရင်းသားအဖွဲ့တဖြစ်လဲ ၂၀၀၅ ခုနှစ်တွင် အတင်းအဓမ္မ လက်နက်အပ်ခဲ့ရသော ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့

သက်တမ်းရှည်ကြာလာသော စစ်အာဏာရှင်စနစ်၏ နည်းမျိုးစုံ ဖိနှိပ်အုပ်ချုပ်မှုသည် ပလောင်ပြည်သူလူထုတို့အား ဦးဆောင်စည်းရုံးမည့် အဖွဲ့အစည်းများအကြား ဦးတည်ချက်ဝေဝါးကာ အချင်းချင်း ယုံကြည်မှုအားနည်းလာစေပြီး ပြည်သူလူထုတို့အား ရှင်းလင်းစွာ လမ်းပြဦးဆောင်နိုင်ရန် အခက်အခဲများစွာရှိစေခဲ့ပါသည်။

လက်ရှိ ပလောင်ဒေသအတွင်းတွင် အမျိုးသားလွတ်မြောက်ရေးအတွက် နှစ်ကာလကြာရှည်စွာ ပလောင်ပြည်သူလူထုတို့အား ဦးဆောင်ခဲ့သည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့၊ ထိုအဖွဲ့၏ မူဝါဒပေါ်လစီများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၊ လူငယ်နှင့် အမျိုးသမီးအစည်းအရုံး၊ ကြားနေဝါဒဖြစ်သည့် ပလောင်စာပေနှင့်

ယဉ်ကျေးမှု ကော်မတီ၊ နအဖ စစ်အုပ်စု၏ မူပေါ်လစီကိုဖော်ဆောင်ပေးသော ပလောင်လူမျိုး ကြံ့ခိုင်ရေး အဖွဲ့ဝင်များ၊ စစ်အုပ်စုလက်ကိုင်တုတ် ပြည်သူ့စစ်များအစရှိသည့် အဖွဲ့အစည်းအသီးသီးတို့က နည်းမျိုးစုံဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။

ပလောင်တိုင်းရင်းသားအဖွဲ့ အဖြစ် ရပ်တည်ပြောင်းလဲခဲ့ရသော ပလောင်ပြည်နယ် လွှတ်မြောက်ရေး အဖွဲ့သည် ၂၀၀၅ ခုနှစ် အတင်းအဓမ္မ လက်နက်အပ်ခဲ့ပြီးနောက်ပိုင်းတွင် အရေးကြီးသော ဒုဥက္ကဋ္ဌ တာညီလုံ ကွယ်လွန်သွားခဲ့ရခြင်းနှင့်အတူ အဖွဲ့အစည်းအတွင်းတွင် သိသိသာသာအားလျော့ လာခဲ့ရသည်။ လက်ရှိခေါင်းဆောင်မှု အားနည်းခြင်းပြဿနာနှင့် နအဖစစ်အစိုးရတို့က အဘက်ဘက်မှ ဖိအားပေးမှုကြောင့် ပလောင်တိုင်းရင်းသားအဖွဲ့မှာ ပလောင်ပြည်သူများအကြား ဘေးကြပ်နံကြပ် အကြီး အကျယ် ရင်ဆိုင်နေရသည်။

ပလောင်ပြည်သူလူထုအတွက် ဆက်လက်တိုက်ပွဲဝင်နေသော ပလောင်ပြည်နယ် လွှတ်မြောက်ရေး တပ်ဦး (PSLF)၊ ပလောင်လူငယ်လုပ်ငန်း ကွန်ယက်အဖွဲ့ (PYNG) နှင့် ပလောင်အမျိုးသမီး အစည်းအရုံး (PWO) တို့သည်လည်း ပလောင်ပြည်သူများ၏ထောက်ခံမှုကို ရရှိနေသော်လည်း လှုပ်ရှားမှုအရပ်ရပ် တိုင်းကို နအဖနှင့် လက်ကိုင်တုတ်များက တင်းကြပ်စွာထိန်းချုပ်ကန့်သတ်ကာ အပြတ်ချေမှုန်းနေသည့် အတွက် အခက်အခဲများစွာအကြားမှ ကြပ်တည်းစွာ ရုန်းကန်လှုပ်ရှားနေကြရပါသည်။

နမ့်ဆန်မြို့နယ် ကြံ့ခိုင်ရေး ခေါင်း ဆောင်ဦးခွန် ပွင့်၊ ငွန်ဆိုင်းပြည်သူ့စစ်ခေါင်း ဆောင်ထွန်းမြတ် လေး၊ နအဖအမျိုးသားညီလာခံ ကိုယ်စားလှယ် အုမ္မစွမ်ပြည်သူ့စစ်ခေါင်းဆောင် ဦးကျော် အုံး တို့သည် နအဖစစ်အစိုးရ စွန့်ကြဲပေးကမ်း သော အခွင့်အရေးများကို လက်ခံရယူကာ ခိုင်းစေသမျှတို့ကို အပြည့်အဝ အကောင်အ ထည် ဖော်ပေးနေလျက်ရှိသည်။

နအဖ စိတ်တိုင်းကျရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားတိုင်းရင်းသားများနှင့်အတူ ပလောင်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်ရန် ထည့်သွင်းရေးဆွဲထားသဖြင့် စစ်မှန်သောကိုယ်ပိုင် အုပ်ချုပ် ခွင့်မဟုတ်မှန်းသိသော်လည်း နောက်ဆုံးအခွင့်အရေးတခုအဖြစ် မျှော်လင့်စောင့်စားကြသည့် ပလောင် တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များရှိသကဲ့သို့ သတိကြီးစွာ စောင့်ကြည့်ရမည်ဟုဆိုသော ခေါင်းဆောင်များ လည်းရှိသည်။ နအဖ အလိုတော်ရိ ပလောင်လူမျိုး ကြံ့ခိုင်ရေးခေါင်းဆောင်နှင့် ပြည်သူ့စစ် ခေါင်းဆောင် တို့မှာ တခါမှမရဖူးသေးသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို မဟာအခွင့်အရေးအဖြစ် ရယူရန်အတွက် စစ် အစိုးရ ညွှန်ကြားသမျှကို မငြင်းဆန်ပဲလုပ်ဆောင်ကြရန် ပလောင်ပြည်သူလူထုတို့အား စည်းရုံးသိမ်းသွင်း နေလျက်ရှိပါသည်။

လက်နက်မဲ့ ပလောင်ပြည်နယ်လွှတ်မြောက်ရေးတပ်မတော် တဖြစ်လဲ ပလောင်တိုင်းရင်းသားအဖွဲ့ မှာ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်သင့်ခံရန် ခက်ခဲနေသကဲ့သို့ နိုင်ငံရေးပါတီအသွင်ပြောင်းကာ ရွေးကောက်ပွဲဝင်ရန်အတွက် ပြင်ဆင်ထားရန် စစ်အုပ်စု၏ ဖိအားပေးမှုကိုလည်း တဆက်တည်းခံနေရ သည်။ ထို့ပြင်ထွက်ပေါ်လာမည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွင် စစ်အုပ်စုကိုယ်စားလှယ်၊ စစ်အုပ်စု လိုလားသူ ပလောင်လူမျိုးကိုယ်စားလှယ်များနှင့် ပလောင်တိုင်းရင်းသားအဖွဲ့တို့ စစ်အုပ်စု စိတ်တိုင်းကျ စီမံခန့်ခွဲအုပ်ချုပ်သွားမည်ဆိုသည့် အချက်မှာလည်း ရှင်းလင်းထင်ရှားနေပြီး၊ ထိုအချက်ကို ပလောင် တိုင်းရင်းသားအဖွဲ့က လက်မခံခဲ့လျှင်လည်း နအဖစစ်အုပ်စုနှင့် စစ်အစိုးရလိုလားသူတို့ဖက်က အဆင် သင့် ပြင်ဆင်ထားရှိပြီးဖြစ်သည် ။

tce; (2)

vly&m;aqmi&uconen;vr;rsm;

နအဖစစ်အစိုးရက ပြည်သူလူထု၏ စစ်မှန်သောသဘောထားဆန္ဒကိုဆန့်ကျင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး လူထုဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် တဖက်သတ်ပြုလုပ်ကျင်းပခဲ့ပါသည်။ လူထုဆန္ဒခံယူပွဲ မကျင်းပခင်ကတည်းကပင် နည်းမျိုးစုံသုံး၍ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုသွားရန် စိုင်းပြင်းနေသော နအဖစစ်အစိုးရ၏ တဘက်သတ်လုပ်ရပ်များကို ဖော်ထုတ်နိုင်ရန်နှင့် ပြည်သူလူထုတို့၏ သဘောထားအမှန်ကို လွှတ်လပ်စွာထုတ်ဖော်နိုင်ရန်အတွက် နအဖ၏ဖွဲ့စည်းပုံအတည်ပြုရေး လူထုဆန္ဒခံယူပွဲအား ဆန့်ကျင်သည့် ပလောင်အလုပ်အဖွဲ့ကို ဖွဲ့စည်းကာ မတ်လ ပထမပတ်မှစ၍ ချမှတ်ထားသောလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့သည်။

ပလောင်ပြည်နယ် လွှတ်မြောက်ရေးတပ်ဦး (PSLF)၊ ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့ (PYNG) နှင့် ပလောင်အမျိုးသမီးအစည်းအရုံး (PWO) တို့ဖြင့် စုစည်းဖော်ဆောင်ထားသော နအဖ၏ ဖွဲ့စည်းပုံအတည်ပြုရေး လူထုဆန္ဒခံယူပွဲအား ဆန့်ကျင်သည့် ပလောင်အလုပ်အဖွဲ့သည် ပလောင်လူထုများ နေထိုင်ရာ နမ့်ဆန်၊ လားရှိုး၊ ကျောက်မဲ၊ မိုင်းငေါ်၊ သီပေါ၊ မန်တုန်၊ နမ္မတူ၊ ကွတ်ခိုင်၊ နမ့်ခမ်းနှင့် မူဆယ်မြို့နယ်တို့တွင် ကန့်ကွက်မဲလှုပ်ရှားမှုများ၊ လူထုဆန္ဒခံယူပွဲ စောင့်ကြည့်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဒေသအလိုက်တွင် အလွှာအသီးသီးမှ တာဝန်သိ မျိုးချစ်ပလောင် လူကြီး၊ လူငယ်၊ အမျိုးသမီးများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အလုပ်အဖွဲ့အနေဖြင့် သက်ဆိုင်ရာ ဒေသအသီးသီးတွင် ဒေသခံပြည်သူတို့နှင့်ပူးပေါင်းကာ သတင်းများကောက်ခံရယူခြင်း၊ လူထုဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးကြရန်စည်းရုံးခြင်း၊ မဲရုံများစောင့်

ကြည့်၊ လေ့လာခြင်း၊ လူထုဆန္ဒခံယူပွဲနှင့် စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများစုဆောင်းခြင်း၊ မဲရုံကြီးကြပ်ရေးတွင် ပါဝင်သူများနှင့် မဲထည့်ခဲ့သော ပြည်သူလူထုတို့အား ကိုယ်တိုင် တွေ့ဆုံကာ ဆွေးနွေးမေးမြန်းမှုများပြုလုပ်ခြင်း အစရှိသည့်တို့ကို အန္တရာယ်များအကြားမှ လိုအပ်သည့် အချက်အလက်များ တိတိကျကျ ရရှိရန် စွန့်စားဆောင်ရွက် ပြုလုပ်ခဲ့ကြပါသည် ။



စဉ်	မဲရုံတည်ရှိရာမြို့နယ်	မဲရုံအမှတ်	မဲရုံအရေအတွက် (က)*	မဲရုံအရေအတွက်(ခ) **
၁ ၂ ၃ ၄ ၅ ၆ ၇	နမ့်ဆန်မြို့နယ်	ဟုခင်းကျေးရွာအုပ်စု မဲရုံ ကယားလမ်းကျေးရွာအုပ်စု မဲရုံ ကျောက်မြူရုံအုပ်စု မဲရုံ ကွမ်ဟယ်ရွာအုပ်စု မဲရုံ ဘုရားကြီးအုပ်စု မင်္ဂလာရပ်ကွက် နမ္မဝေါရပ်ကွက်	၇ ရုံ	၁၃ ရုံ
၈ ၉ ၁၀ ၁၁ ၁၂	မန်တုန်မြို့နယ်	နားအော်အုပ်စု အမှတ် (၁) မန်စပ် နားအော်အုပ်စု အမှတ်(၂) ပန်ယောင် မန်ပွန်းအုပ်စု ဆိုင်းလိန် အုပ်စု မြို့မ	၅ ရုံ	၁၅ ရုံ
၁၃ ၁၄ ၁၅ ၁၆ ၁၇ ၁၈ ၁၉ ၂၀ ၂၁ ၂၂ ၂၃	နမ့်ခမ်းမြို့နယ်	ဟိုနောင်းမဲရုံ အမှတ် ၄ မင်္ဂလာကွက်သစ်မဲရုံ အမှတ် ၃ မြို့လယ်ဘုရားကျောင်း မဲရုံ အမှတ် ၃ ခေဆွန်၊ ဟတ်ဟင်၊ နောင်ချိန် နောင်ဆန့်ရက်ကွပ်(၁) မဲရုံ (၁) နောင်ခါးကျေးရွာ မဲရုံ မန်းခမ်းကျေးရွာ အုပ်စုမဲရုံ မန်းစပ်ကျေးရွာ အုပ်စု မန်အောင်ကျေးရွာ အုပ်စု ဖာလင်ကျေးရွာအုပ်စု မိုင်းဗီးရွာမကြီး	၁၁ ရုံ	–
၂၄ ၂၅	မူဆယ်မြို့နယ်	ခရစ်ယာန်ရပ်ကွက် ကောင်းမူးတုံရပ်ကွက်	၂ ရုံ	၅ ရုံ
၂၆ ၂၇ ၂၈ ၂၉ ၃၀ ၃၁	ကွတ်ခိုင်မြို့နယ်	ရပ်ကွက် ၅ မော်ဟန် မန်နောင် ရပ်ကွက် ၂ ပန်ကြမ်၊ လွယ်ရွမ် ရပ်ကွက် ၃	၈ ရုံ	၃ ရုံ

၃၂ ၃၃		ရပ်ကွက် ၁ နမ့်ဖက်ကာ မဲရုံအမှတ် ၃		
၃၄ ၃၅ ၃၆ ၃၇ ၃၈ ၃၉ ၄၀	ကျောက်မဲမြို့နယ်	ရပ်ကွက် ၈ မဲရုံအမှတ် ၁ (အမက ၁၀) ရပ်ကွက် ၈ မဲရုံအမှတ် ၂ (အထက ၁) ရပ်ကွက် ၉ မဲရုံအမှတ် ၁ (အထက ၂) ရပ်ကွက် ၉ မဲရုံအမှတ် ၂ (အမက ၆) ကျွဲကုန်းအုပ်စု ခိုမှန်းအုပ်စု ရပ်ကွက် ၁ (အလက ၁)	၇ ရုံ	၁၅ ရုံ
၄၁ ၄၂ ၄၃	သီပေါမြို့နယ်	ရပ်ကွက် ၁ ရပ်ကွက် ၃ မိုးတောကျေးရွာအုပ်စု	၃ ရုံ	၇ ရုံ
၄၄ ၄၅ ၄၆ ၄၇ ၄၈	နမ္မတူမြို့နယ်	ရပ်ကွက် (၈/၁/၂) ရပ်ကွက် (၃/၄/၅/၆) နမ့်တောင်ကုန်း ဆိုက်ခေါင်ကျေးရွာအုပ်စု ဟိုက်တောင်ကျေးရွာအုပ်စု	၅ ရုံ	၃ ရုံ
၄၉ ၅၀ ၅၁ ၅၂ ၅၃ ၅၄ ၅၅ ၅၆ ၅၇	လားရှိုးမြို့နယ်	ရပ်ကွက် ၅ (အမှတ် ၁) ရပ်ကွက် ၅ (အမှတ် ၂) ရပ်ကွက် ၆ ရပ်ကွက် ၁၂ ရပ်ကွက် ၁၀ ရပ်ကွက် ၁၀ ခေးနင်းအုပ်စု မယ်ဟန်အုပ်စု ကုန်းသာအုပ်စု	၉ ရုံ	၁၂ ရုံ
		စုစုပေါင်း	၅၇ ရုံ	၇၃ ရုံ
		ဆောင့်ကြည့်ခဲ့သည့်မဲရုံစုစုပေါင်း	၁၃၀ ရုံ	

* (က) တိတိကျကျလေ့လာခဲ့သည့် မဲရုံအရေအတွက်


** (ခ) ယေဘုယ္ယအကြမ်းဖျင်းလေ့လာခဲ့သည့် မဲရုံအရေအတွက်

ပလောင်အလုပ်အဖွဲ့၏ လူထုဆန္ဒခံယူပွဲဆောင့်ကြပ်ကြည့်ရှုခဲ့သော မဲရုံစာရင်း

vxqEc , yrwirvy&m;rrsm;



လားရှိုးမြို့အတွင်းတွင် အတိုက်အခံဘက်က
ဤသို့ကန့်ကွက်မဲထည့်ရန် လှုံ့ဆော်သည်ကို



နအဖစစ်အုပ်စုဘက်မှ ဤကဲ့သို့
လိုက်လံဖျက်ဆီးခဲ့ကြသည်။

လူထုဆန္ဒခံယူပွဲကျင်းပမည်ဟု အမိန့်ကြေညာ ချက်ထုတ်ပြီးသည့် ဖေဖော်ဝါရီလမှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေထောက်ခံရေး လူထုစည်းရုံးမှုများ၊ ဆန္ဒ ခံယူပွဲအတွက်ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများနှင့် ဒေသအတွင်းရှိ တပ်အင်အားပြင်ဆင်တပ်လှန့်မှုများ ကို စစ်အစိုးရဖက်က သိသာထင်ရှားစွာ ပြုလုပ်ခဲ့ကြ သည်။ တောင်ပေါ်ဒေသများတွင် ရိုးသားစွာနေထိုင် ကြသော ကျေးလက်လူတန်းစားတို့ကို နမ့်ဆန်မြို့ ကြီးခိုင်ရေးခေါင်းဆောင် ဦးခွန်ပွင့်၊ ပြည်သူ့စစ်ခေါင်း ဆောင် ဦးကျော်အုံးတို့ကိုယ်တိုင် တရွာဝင် တရွာ ထွက်ပြီး၊ နအဖစစ်အုပ်စုရေးဆွဲသည့် ဖွဲ့စည်းပုံကို ထောက်ခံကြရန် ဆက်တိုက်စည်းရုံးခဲ့ကြသည်။

လူထုဆန္ဒခံယူပွဲတွင်ကန့်ကွက်မဲပေးကြရန် ပြည်သူလူထုအားလှုံ့ဆော်သည့် ပြောက်ကြားလှုပ် ရှားမှုများ ဒေသအတွင်း ပေါ်ပေါက်လာသည့် မတ်လ လယ်နောက်ပိုင်းတွင် စစ်ခေါင်းဆောင်တို့က သက် ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌမှအစ ရွာစာရေးအထိ မန်တုန် မြို့တွင် အစည်းအဝေးများမကြာခဏဆင့်ခေါ်ကာ လူထုဆန္ဒခံယူပွဲ ဆန့်ကျင်မှုမှန်သမျှကို ထိရောက်စွာ

အရေးယူဟန့်တားရန်နှင့် ပလောင်ဒေသ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရှိလိုလျှင် ဖွဲ့စည်းပုံကိုအားလုံး ဝိုင်းဝန်းထောက်ခံကြရန် ခမရ ၁၃၀ တပ်ရင်းမှူးက ဖိအားပေးပြောကြားခဲ့သည်။

ဇပြိလ ပထမပတ်တွင်လည်း ပလောင်တိုင်းရင်းသားအဖွဲ့ ဦးအိုက်မုန်း၊ ဦးခွန်ရီတို့အား အရှေ့မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က ပလောင်ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိလိုလျှင် ပလောင်ဒေသအတွင်းရှိ အစိုးရဆန့်ကျင်သည့် လှုပ်ရှားမှုများကို ရပ်တန့်အောင်ပြုလုပ်ကြရန်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အတည်ပြုရေး လုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားရန် လမ်းညွှန်ပြောကြားခဲ့သည်။

သို့သော် ပလောင်ပြည်သူလူထုများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း သိရှိသူ အလွန်နည်းပါးပြီး၊ လူထုဆန္ဒခံယူပွဲတွင် မဲပေးရေးထက် ထမင်းနပ်မှန်အောင် ရှာဖွေစားသောက်နိုင်ရေးက ပိုအရေးကြီးနေပါသည်။ ထို့ပြင် လူထုဆန္ဒခံယူပွဲ ကျင်းပသည့်ကာလသည် ပလောင်လူမျိုးတို့ အသက်မွေး ဝမ်းကြောင်းကာလ၏ အဓိကအချိန်ဖြစ်သော ရွှေဖိလက်ဖက်ရာသီဖြစ်နေသောကြောင့် မည်သူမဆို လက်ဖက်လုပ်ငန်းတွင်သာအာရုံစိုက်နေကြပြီး၊ မဲဆန္ဒခံယူပွဲကြောင့် အလုပ်ပျက်မည်ကို အထူးစိုးရိမ်နေခဲ့ကြရသည်။

နမ့်ဆန်မြို့နယ်မဲကော်မရှင် ဦးခွန်ပွင့်၊ ဗိုလ်ကြီးသန်းထွန်း၊ ဦးကျော်အုံး၊ ဦးထွန်းမြတ်လေးတို့သည် ကျေးရွာအသီးသီးရှိ မဲရုံမှူးများကိုခေါ်ယူပြီး ဆန္ဒမဲပေးပွဲတွင် အမှားခြစ်ထားသည့် ကန့်ကွက်မဲများကို အမှန်ခြစ်ထောက်ခံမဲအဖြစ် ပြောင်းလဲနိုင်မည့်နည်းလမ်းနှင့် ပြည်သူများ ကန့်ကွက်မဲ မထည့်နိုင်စေရန် ကြိုတင်ပြင်ဆင်မှုများကို မေလ ၆ ရက်နေ့တွင် နမ့်ဆန်မြို့၌ အစည်းအဝေးပြုလုပ်ကာ ဆွေးနွေးခဲ့ကြသည်။

(u) wbuowpn;½;rsm;

လူထုဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးကြရန် လှုံ့ဆော်သည့်လှုပ်ရှားမှုများကို ပြင်းထန်စွာဖြိုခွဲထိန်းချုပ်သည်နှင့်တပြိုင်နက် အစိုးရ၏ ဖွဲ့စည်းပုံထောက်ခံရေး လှုပ်ရှားမှုများကိုလည်း ကြံ့ခိုင်ရေး၊ မီးသတ်၊ ကျောင်းဆရာ/ဆရာမများ၊ ဒေသခံခေါင်းဆောင်များမှတဆင့် ဆိုင်းဘုတ်ထောင်ခြင်း၊ လက်ကမ်းစာစောင်များ၊ ပိုစတာများကို ဖြန့်ဝေခြင်း၊ ရွာသားများအား အစည်းအဝေးခေါ်ပြီး စည်းရုံးခြင်းများ ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ကြသည်။ ထိုပြင် အာဏာပိုင်များနှင့် ဆန္ဒခံယူပွဲမဲကော်မရှင် အဖွဲ့များမှာ လူထုဆန္ဒခံယူပွဲကျင်းပမည်ဟု ကြေငြာသည့်အချိန်မှစ၍ ထောက်ခံမဲပေးကြရန် စည်းရုံးလှုံ့ဆော်သည့် သီချင်းများ၊ ကြော်ငြာချက်များကို လော်စပီကာများဖြင့် နေရာဒေသအနှံ့လှည့်လည်ကာ အများပြည်သူ နားမခံသာအောင် ကျယ်လောင်စွာ ဖွင့်ပြလှုံ့ဆော်ခဲ့ကြသည်။

နမ့်ဆန်၊ မန်တုန်နှင့် နမ့်ခမ်းမြို့နယ်တို့တွင် ဆန္ဒခံယူပွဲအတွင်း ကန့်ကွက်မဲထည့်လျှင် ထောင်ဒဏ် ၃ နှစ် ငွေကျပ် ၁ သိန်း ပြစ်ဒဏ်ချမှတ်မည် ဟူသော ခြိမ်းချောက်စည်းရုံးမှုများ ပြုလုပ်ခဲ့ကြသည်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန်အတွက် ထောက်ခံမဲပေးကြရန်အတွက် မက်လုံးပေးစည်းရုံးမှုမှာ ပလောင်ဒေသအတွင်း နေရာတကာတွင် တွေ့မြင်နေကြရသည်။ ထို့ပြင် ဆန္ဒခံယူပွဲအတွင်း ကန့်ကွက်မဲများ ထွက်ရှိလာသောဒေသတွင် စည်းရုံးရေးတာဝန်ကျ ပုဂ္ဂိုလ်များနှင့် တာဝန်ကျမဲရုံမှူးများကို ထိရောက်စွာ အရေးယူမည်ဟူသော ခြိမ်းချောက်မှုမျိုးဖြင့် ချောက်လှန့်ခဲ့ကြသည်။

စစ်အစိုးရဘက်မှ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ထောက်ခံစည်းရုံးမှုများကို ပလောင်ဒေသတခွင်လုံးတွင် ရွာသားများအား အတင်းအကြပ် အစည်းဝေးတက်ခိုင်းခြင်း၊ စည်းရုံးရေးခရီးစဉ်များအတွက် ကားဆိုင်ကယ်များ ချောဆွဲခြင်းတို့ကို ဆက်တိုက်ပြုလုပ်သည်နှင့်တပြိုင်နက် ကန့်ကွက်မဲ လှုပ်ရှားမှုများ မပေါ်ပေါက်လာစေရန်လည်း နည်းမျိုးစုံဖြင့် ပိတ်ပင်တန့်တားခဲ့ကြသည်။ နမ့်ခမ်း၊ မန်တုန်နှင့် နမ့်ဆန်မြို့နယ်တို့တွင် မြို့တွင်းနှင့်ရွာများပါမကျန် ရဲ၊ စစ်သား၊ ပြည်သူ့စစ်တို့ကို လုံခြုံရေးကင်းများ



ပလောင်ကျေးရွာတိုင်းတွင် ယခုကဲ့သို့ ဆိုင်းဘုတ်များ စိုက်ထူထားပါသည်

နေ့ရောညပါ ထူထပ်စွာချထားကာ မသက်ာသူမှန်သမျှကို တင်းကြပ်စွာ စစ်ဆေးမေးမြန်းခဲ့ကြသဖြင့် သာမန်ခရီးသွားပြည်သူများ များစွာစိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အခြားဒေသမှ ပလောင်ဒေသတွင်ပညာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော ကျောင်းဆရာ/ ဆရာမများကို ဖေဖော်ဝါရီလတွင် ကျောင်းစာမေးပွဲများပြီးစီးသွားသော်လည်း ယင်းတို့၏ဇာတိရပ်ရွာသို့ ပြန်ခွင့်မပြုဘဲ သက်ဆိုင်ရာတာဝန်ကျ ကျေးရွာအုပ်စုများတွင် ဖွဲ့စည်းပုံအတည်ပြုရေးကို ထောက်ခံရန်အတွက် စည်းရုံးရေးလုပ်ငန်းများကို လူထုဆန္ဒခံယူပွဲကျင်းပသည့် မေလအထိ အတင်းအဓမ္မပြုလုပ်စေခဲ့ပါသည်။

(c) tpr;ray;avusijci;

နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ သိန်းနီ၊ လားရှိုး၊ နမ္မတူ၊ သီပေါ၊ ကျောက်မဲ၊ နမ့်ဆန်နှင့် မန်တုန်မြို့နယ်တို့တွင် ဇီပြိုလတတိယပတ်မှ မေလပထမပတ်အထိ ဖွဲ့စည်းပုံအတည်ပြုရေး လူထုဆန္ဒခံယူပွဲ အစမ်းမဲပေးလှေ့ကျင့်ခြင်းကို သက်ဆိုင်ရာမြို့နယ်တိုင်းတွင် ပြုလုပ်ခဲ့ကြသည်။ မဲကော်မရှင်နှင့် မဲရုံကြီးကြပ်ရေးတွင် ပါဝင်သူတိုင်း အစမ်းမဲပေးလှေ့ကျင့်ရေးတွင် ပါဝင်ရပြီး ဖိတ်ကြားထားသော ပြည်သူများအစမ်းမဲပေးခြင်းကို ထောက်ခံမဲရရှိလာစေရန် လက်တွေ့ စောင့်ကြပ်ကြည့်ရှုခဲ့ကြရသည်။ စစ်အာဏာပိုင်များနှင့် မဲကော်မရှင်အကြီးအကဲတိုင်းက သက်ဆိုင်ရာဒေသအသီးသီးတွင် တာဝန်ယူကြမည့် မဲရုံမှူးများနှင့် မဲရုံကြီး ကြပ်မည့် သူများကို လူထုဆန္ဒခံယူပွဲ ကျင်းပပုံလုပ်ထုံးလုပ်နည်း အဆင့်ဆင့်ထက် မည်ကဲ့သို့ ထောက်ခံမဲရရှိရန် ဆောင်ရွက်ရမည်ဟူသော အချက်များကိုသာ သင်ကြားပေးခဲ့ကြကြောင်း မဲရုံမှူးနှင့် ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့ကြသော ဆရာ/ဆရာမများက ပြောပြပါသည်။

ထိုကဲ့သို့ အစမ်းမဲပေးလှေ့ကျင့်ရန်ရောက်ရှိလာသော မိဘပြည်သူများနှင့် မဲရုံကြီးကြပ်သူများကိုလည်း ထောက်ခံမဲ အမှန်ခြစ်တခုတည်းကိုပင် ကောင်းမွန်စွာမဲပေးတတ်ရန် ထပ်ခါထပ်ခါ လှေ့ကျင့်စေခဲ့သည်။ လူထုဆန္ဒခံယူပွဲမဲပေးရာတွင် မိမိ၏ဆန္ဒအရ လျှို့ဝှက်ဆန္ဒမဲပေးရမည်ဟုဆိုသော်လည်း ကန့်ကွက်မဲထည့်ခဲ့လျှင် ထည့်သူကိုသိရှိနိုင်စေရန် မှတ်တမ်းတင်နည်းနှင့် ထိုကန့်ကွက်မဲကို ထောက်ခံမဲအဖြစ် ပြောင်းလဲနည်းတို့ကို ကြိုတင်သင်ကြားထားပေးပြီး၊ မဲလာထည့်သူများကို ကန့်ကွက်မဲ မထည့်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားကြရန် မဲရုံကြီးကြပ်ရေးတွင်ပါဝင်သူများကို ညွှန်ကြားထားခဲ့သည်။

အချို့မဲအစမ်းလှေ့ကျင့်ရေးများတွင် ကန့်ကွက်မဲပေးပါက ထောင်ဒဏ် ၃ နှစ် ငွေကျပ် ၁ သိန်း ဒဏ်ရိုက်ကာ ပြင်းထန်စွာအရေးယူမည့်အပြင် ထိုမဲရုံတွင် တာဝန်ကျသူများကိုလည်း လက်ရှိထမ်းဆောင်သည့် လုပ်ငန်းတာဝန်များမှ နယ်ပြောင်းလွှဲခြင်း၊ အလုပ်မှထုတ်ပယ်ခြင်းများပြုလုပ်မည်ဟုလည်း အတိအလင်း ညွှန်ကြားထားပြီးဖြစ်သည်။ နမ္မတူမြို့ ရပ်ကွက် (၈)မှ နယ်မြေမှူးတဦးဖြစ်သူ ဒေါ် ---သည် မဲအစမ်းပေးလှေ့ကျင့်ရာတွင် မဲရုံမှူးအဖြစ်တာဝန်ယူစဉ် ကန့်ကွက်မဲ ၇၀ ကျော် ထွက်ရှိလာသောကြောင့် လူထုဆန္ဒခံယူပွဲတွင် မဲရုံကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပယ်ခံရသည့်အပြင် နယ်မြေမှူးတာဝန်မှလည်း ရပ်နားခြင်းခံခဲ့ရသည်။

မဲရုံကော်မရှင်တွင်ပါဝင်သူတဦး၏ ပြောပြချက်အရ ထိုကဲ့သို့ မဲအစမ်းပေးလှေ့ကျင့်ရာတွင် အားလုံးထောက်ခံမဲ မှန်မှန်ကန်ကန်ပေးခဲ့ကြသော နေ့ရက်မျိုးတွင် ယင်းအဖြေရလဒ်ကို မဲပေးလာသည့် မှတ်ပုံ

တင်စာရင်းနှင့်အတူ အတည်မဲစာရင်းအဖြစ်သတ်မှတ်ကာ ထိုသူများ ထပ်မံမဲပေးရန်မလိုအပ်တော့ကြောင်း အထက်ကော်မရှင်မှ တိုက်ရိုက်ညွှန်ကြားမှုများရှိသည်ကို သိရှိရသည်။

(*) tu&wiray;jci;

နမ့်ခမ်း၊ မူဆယ်၊ လားရှိုး၊ နမ့်ဆန်၊ မန်တုန်မြို့ပေါ်ရှိ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး၊ စစ်သားအစရှိသည့် အစိုးရဝန်ထမ်းများသည် ဖြေလကတည်းကပင် ကြိုတင်မဲများကောက်ခံကာ ထောက်ခံမဲပေးပြီးဖြစ်သည်။ အစိုးရဝန်ထမ်းတိုင်းမှာ သက်ဆိုင်ရာဝန်ထမ်းများ၏ အထက်အရာရှိများခိုင်းစေချက်အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဝန်ထမ်းအင်အားစာရင်းကို ပြုစုကောက်ခံပြီး အထက်အာဏာပိုင်အဖွဲ့အစည်းကို ပေးပို့ရသည်။ ထိုသို့ပေးပို့ရာတွင် အချို့ဝန်ထမ်းများကို အသိပေးခြင်းမရှိသောကြောင့် မဲပေးသောနေ့တွင် မဲရုံသို့သွားသောအခါ ကြိုတင်မဲပေးပြီးဖြစ်သောကြောင့် မဲရုံမှူးက ရှင်းပြသောအခါမှသာ မိမိတို့ကြိုတင်မဲထည့်ပြီးသည်ကို သိရှိကြရသည်။

နမ့်ဆန်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မန်တုန်၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူမြို့နယ်ဒေသအတွင်းရှိ မြို့နှင့်ဝေးသော ပလောင်ရွာငယ်အချို့တို့တွင် မဲပေးမည့်လူစာရင်းများ ကောက်ခံကာ လက်မှတ်များ အတင်းထိုးခိုင်းသည့် အပြင် တဦးလျှင် ငွေ (၁၀၀၀) ကျပ်စီ ကောက်ခံခဲ့ကြသည်။ ထိုနောက် ထိုကောက်ခံထားသောစာရင်းပါ



မဲဆန္ဒခံယူပွဲ အစမ်းလေ့ကျင့်ပြုလုပ်စဉ်

ပလောင်ပြည်သူအများစုမှာ မဲပေးရမည့် မေလ ၁၀ ရက်နေ့ရောက်သောအခါ မဲလာပေးရန် အကြောင်းကြားခြင်းမပြုတော့ပေ။ နောက်ပိုင်းတွင် ရွာသူကြီးများက လက်မှတ်ထိုးလိုက်စဉ်ကတည်းကပင် ထောက်ခံမဲပေးပြီးဖြစ်သောကြောင့် ထပ်မံမဲပေးရန် မလိုအပ်တော့ကြောင်း သိလိုသူများကို ရှင်းလင်းပြကြရသည်။

ထို့ပြင် နမ့်ခမ်း၊ မန်တုန်နှင့် နမ့်ဆန်မြို့နယ်များအတွင်းရှိ ပလောင်ကျေးရွာအုပ်စုများတွင် ၁၀ ရက်နေ့ မဲဆန္ဒပေးရမည့်ရက်မတိုင်မီကပင် ဥက္ကဋ္ဌ



ဆန္ဒခံယူပွဲကြီးကြပ်ရေး ကော်မတီနှင့် နအဖစစ်အုပ်စုတို့ ဆန္ဒခံယူပွဲအပြီးအမှတ်တရ

အိမ် (သို့) ကျေးရွာရုံးများ (သို့) ဇရပ်နှင့်ဘုန်းကြီးကျောင်းတို့တွင် အကျဉ်းချုံးမဲရုံပြုလုပ်ကာ ရွာသားများကို ထောက်ခံမဲထည့်ခိုင်းခဲ့ကြသည်။ နမ့်ဆန်မြို့နယ် နမ့်လင်းအုပ်စု၊ မန်တုန်မြို့နယ် မန်စပ်အုပ်စု၊ ပန်းယောင်အုပ်စု၊ နမ့်ခမ်းမြို့နယ် မန်စပ်အုပ်စုတို့တွင် မေလ ၉ ရက်နေ့ ညနေပိုင်းတွင် ကျေးရွာသားအချို့အား ကြိုတင်မဲ အတင်းအဓမ္မလာထည့်ခိုင်းခဲ့သည်။ နမ့်ဆန်မြို့နယ် ဟူခင်းအုပ်စုသည် မေလ ၇ ရက်ကတည်းက အရေးပေါ်မဲဆန္ဒခံယူပွဲပြုလုပ်ကာ ရွာသားများအား ထောက်ခံမဲထည့်စေခဲ့သည်။

(C) wywi; ppti tm;jyiqir





ပလောင်ဒေသအတွင်း နအဖစစ်အုပ်စုဘက်က ပလောင်ပြည်သူ
လူထုကို ဤကဲ့သို့ တဘက်သတ် စည်းရုံးခဲ့ကြသည်

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ရှိ အရာရှိတဦး၏ပြောပြချက်အရ လားရှိုး၊ နမ့်တူ၊ ကွတ်ခိုင် မြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၏ ဂိတ်၊ အိပ်ဆောင်၊ လူနေလိုင်းခန်းများနှင့် ဂိုဒေါင်များတွင် ဗုံးခိုကျင်းများ၊ ကင်းပုန်းဝပ်ကျင်းများကို ဇပြိုလ မကုန်ခင်အပြီး တူးဖော်ပြင်ဆင်ထားကြရန် နေပြည်တော်မှ ရမခ တိုင်းမှူးသို့ တိုက်ရိုက် အမိန့်ပေးခဲ့သည်။ ထို့ကြောင့် တပ်တွင်းရှိ တပ်သားများက အမိန့်ပေးခိုင်းစေထားသည့် အတိုင်း ဗုံးခိုကျင်းများ၊ ကင်းပုန်းဝပ်ကျင်းများ တူးဖော်ကြရပြီး၊ လူထုဆန္ဒခံယူပွဲ ကာလအတွင်းတွင် ယခင်ကထက် ပို၍ ကင်းစောင့်ကြရသည်။ လားရှိုးမြို့ပေါ်တွင် မဲကော်မရှင် အဖွဲ့များနှင့်တွေ့ဆုံခြင်း၊ အခြားကိစ္စများဖြင့် သွားလာသောအခါများတွင် စစ်ဘက်ခေါင်းဆောင်များသည် လက်နက်ကြီး လက်နက်ငယ် အပြည့်တပ်ဆင်ထားသော လုံခြုံရေးအဖွဲ့များဖြင့်သာ သွားလာကြသည်။

ထို့ပြင် တရုတ်နယ်စပ်နှင့် ပလောင်ဒေသကိုတိုက်ရိုက်ဆက်သွယ်ပေးသော နမ့်ခမ်း–မန်တုန် နွေရာသီ ကားလမ်းပေါ်ရှိ ပလောင်ရွာများတွင်လည်း စစ်အင်အားများ ယခင်ကထက် ပိုမိုတိုးချဲ့ချထားသည်။ထိုလမ်းကြောင်း ပေါ်ရှိ ခိုမှန်းရွာတွင် တပ်ရင်း ၁၃၀ ၏ အထိုင်တပ်ခွဲများ အင်အားကို ယခင်ကထက် ပိုမိုတိုးချဲ့ထားပြီး၊ သံသယရှိသူ ခရီးသွားပြည်သူများကို မေးမြန်းခေါ်ယူစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် တပ်ခွဲမှူးများက အနီးအနားရှိ ရွာဥက္ကဋ္ဌများ၊ စာရေးများ၊ ပညာရေးဝန်ထမ်းများ၊ ပြည်သူ့စစ်များကို အစည်းအဝေးခေါ်ကာ ဖွဲ့စည်းပုံအတည်ပြုရေးအတွက် သက်ဆိုင်ရာရွာသားများကို စည်းရုံးကြရန်နှင့် ကန့်ကွက်မဲများ မရှိစေရန် ဆောင်ရွက်ကြရန် အမိန့်ပေး ပြောကြားခဲ့ကြသည် n

tce; (4)

vxqEc , yusi;ypO r½Ei jynovx tajc taersm;



ဆန္ဒမဲပေးရန် မဲပြားလာထုတ်သူကို ထောက်ခံမဲ တခါတည်းခြစ်ပေးနေစဉ်

နမ့်ဆန်၊ နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နမ္မတူ၊ မန်တုန် အစရှိသော မြို့နယ်များရှိ မဲရုံအများစု၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ လွတ်လပ်ပြီးလျှို့ဝှက်စွာမဲပေးနိုင်ခွင့်အတွက် ဖန်တီးထားခြင်း အလွန်အားနည်းသည်ကို တွေ့ရှိရသည်။ ကျောင်းစာသင်ခန်းများတွင်ပြုလုပ်သော မဲရုံများ၏ မဲဆန္ဒပြုခန်းသည် ပြတင်းပေါက်နေရာများတွင် တည်ရှိနေပြီး အခန်း ပြင်ပတနေရာမှ ဆန္ဒမဲပြုသူကို လှမ်းမြင်နိုင်ခြင်း၊ အချို့မဲဆန္ဒပြုခန်းများ၏ အဝင်ပေါက်တွင် လိုက်ကာများ မရှိခြင်း၊ ထားရှိသော်လည်း မချပဲချိတ်ထားခြင်းတို့သည် ဆန္ဒမဲပြုသူကို မဲရုံမှူးအပါအဝင် အခြားသူများကပါ ရှင်းလင်းစွာ လှမ်းမြင်နိုင်ခြင်းတို့သည် လျှို့ဝှက်စွာမဲပေးနိုင်ခွင့်ကို များစွာထိခိုက်စေပါသည်။ ထို့ပြင် တည်ဆောက်ထားသောမဲရုံများမှာ အလွန်ကျဉ်းသောကြောင့် မဲဆန္ဒပြုခန်း၏အပြင်



ပလောင်ဒေသအတွင်းရှိ မဲရုံတခုမြင်ကွင်း

ဘက်တွင်ရှိကြသောမဲရုံမှူးများ၊ မဲရုံကြီးကြပ်သူများ၏ ထောက်ခံမဲထည့်ရန် ဖိအားပေးပြောကြားနေသည်များကို ဆက်တိုက်ကြားနေကြရသည်။

မဲရုံများတွင် ထောက်ခံမဲပေးကြရန်အတွက် အမှန်ခြစ်များ၊ ထောက်ခံမဲပေးရန် လှုံ့ဆော်သည့် ကြော်ငြာစာတမ်းများ ကပ်ထားပြီး၊ မဲဆန္ဒပေးသည့် အချိန်မှစ၍ မဲရုံပိတ်သည်အထိ ထောက်ခံမဲပေးရန် လှုံ့ဆော်သည့်သီချင်းများကို မဲရုံတွင်းပါမက ရပ်ကွက်၊ကျေးရွာတခုလုံး ကြားနိုင်ရန် ဖွင့်ထားခဲ့ကြသည်။

ပလောင်ကျေးရွာများတွင် ဖွင့်လှစ်ထားရှိသော မဲရုံများမှာ လုံခြုံစွာကာထားခြင်း မရှိသည့်အပြင် မဲထည့်ရန်အတွက် မှတ်ပုံတင်စာရင်းသွင်းရန်၊ မဲလက်မှတ်ထုတ်ရန်နေရာများလည်း စနစ်တကျ မပြုလုပ်ထားပေ။ နမ့်ဆန်မြို့နယ် ကယားလမ်းအုပ်စု၊ ဘုရားကြီးအုပ်စု၊ ကျောက်ဖြူအုပ်စုနှင့် ကွမ်ဟယ်အုပ်စုတို့အပြင် မန်တုန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် မဲရုံကို လိုက်ကာများဖြင့်သာ ကာရံတည်ဆောက်ထားကြသည်။ ထို့ပြင် မဲပုံးများကိုလည်း လက်ဖက်ပေါင်းအိုး၊ ထမင်းပေါင်းအိုး၊ သံပုံးနှင့် ကဒ်ထူစက္ကူပုံးများအပေါ်တွင် မဲပုံးဟူသော စာလုံးများကပ်ကာ ဖြစ်သလိုသာပြုလုပ်ခဲ့ကြ သည်။ အချို့မဲရုံများမှာ ဆန္ဒမဲပြုရန် သီးသန့်လျှို့ဝှက်ခန်းမရှိပဲ စာသင်ကျောင်းမှစာရေးခုံများချထားကာ ထိုစားပွဲများပေါ်တွင်သာ မဲရုံစောင့်များအလယ် မဲပေးကြရသည်။

နမ့်ဆန်၊ နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နမ္မတူ၊ မန်တုန် အစရှိသော မြို့နယ်များရှိ မဲရုံများသည် နအဖစစ်အစိုးရ ဖွဲ့စည်းထားပေးသော ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်က ထုတ်ပြန်ထားသည့် ဆန္ဒခံယူပွဲလုပ်ထုံးလုပ်နည်း ဥပဒေများ၊ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ လမ်းညွှန်အတိုင်း အကောင်ထည်ဖော်လုပ်ဆောင်ခြင်းမရှိသည်ကိုတွေ့ရှိရသည်။ ဆန္ဒခံယူပွဲကျင်းပချိန်တွင် မဲရုံများသည်

က။ ထောက်ခံမဲခြစ်ထားသော မဲပြားများထုတ်ပေးခြင်း၊
ခ။ မဲရုံစောင့်များက မဲပေးသူများကိုယ်စား ထောက်ခံမဲခြစ်ပေးခြင်း
ဂ။ မဲရုံစောင့်များ မဲပေးသည့် လျှို့ဝှက်ခန်းအတွင်းထိလိုက်လံကြည့်ရှုခြင်း၊
ဃ။ ကိုယ်စားပြုမဲထည့်ခြင်း၊
င။ မဲထည့်ပိုင်ခွင့်ကိုအကြောင်းမဲ့ ကန့်သတ်ထိန်းချုပ်ခြင်း၊
စ။ နည်းအမျိုးမျိုးဖြင့်ခြောက်လှန့်ကာ ထောက်ခံမဲပေးခိုင်းခြင်း၊
ဆ။ ဆန္ဒပြုမဲပြားကို မဲပုံးထဲသို့မထည့်မီ စစ်ဆေးကြည့်ရှုခြင်း၊
ဇ။ ကန့်ကွက်မဲများကိုပယ်ဖျက်ကာ ထောက်ခံမဲအဖြစ်ပြောင်းလဲပစ်ခြင်း၊
ဈ။ မဲပေးသူများ မဲလာမပေးသော်လည်း မဲစာရင်းပြည့်အောင်ပြုလုပ်ခြင်း၊
ည။ မဲရုံကို သတ်မှတ်ချိန်ထိမကျင်းပခြင်း၊
ဋ။ မသမာသည့်နည်းလမ်းများဖြင့် မဲရေတွက်ခြင်း
ဌ။ မဲပေးပိုင်ခွင့်ရှိသူထက် မဲရလဒ်ပိုများခြင်း၊

စသည့် မသမာသည့် နည်းလမ်းအမျိုးမျိုးကို နေရာဒေသအလိုက် ခွဲခြားကျင့်သုံးသွားခဲ့သည်။ အချို့မဲရုံ များသည် ဖော်ပြပါအချက်များထဲမှအားလုံးမဟုတ်သည့်တိုင် မသမာနည်း ၄–၅ မျိုးခန့်ကို

မဲလာပေးသည့် မဲဆန္ဒရှင်များအပေါ်မူတည်၍ သင့်တော်သလို အသုံးပြုသွားခဲ့ကြသည်။ လွတ်လပ်မှုရှိသည်ဟုဆိုသော မဲရုံများပင် မသမာနည်းသည့်နည်းလမ်း အနည်းဆုံး ၃ မျိုးခန့် ကျင့်သုံးကာ ထောက်ခံမဲများရရှိအောင် ပြုလုပ်ခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

(u) axmucrjcpxm;aom rjym;rsm;xway;jci;

နမ့်ဆန်၊ မန်တုန်၊ နမ္မတူ၊ နမ့်ခမ်း၊ ကွတ်ခိုင် မြို့နယ်ရှိ အချို့သောမဲရုံတို့တွင် သက်ဆိုင်ရာအာဏာပိုင်များအား ပြန်မပြောဝံ့သူများကို ထောက်ခံမဲခြစ်ပြီးသည့် မဲပြားများသာထုတ်ပေးပြီး ဆန္ဒမဲ ပေးကြရသည်။ အာဏာပိုင်များ၏ခြိမ်းခြောက်မှု၊ အပြစ်ပေး အရေးယူခြင်းခံရမည်ကို ကြောက်ရွံ့မှုတို့ကြောင့် ပြည်သူလူထုအချို့မှာ ထိုမဲလက်မှတ်များကိုသာ ထုတ်ယူပြီး မဲပုံးထဲသို့ ထည့်ခဲ့ကြသည်။ အချို့သူများမှာ မဲရုံမှူးကို တင်ပြသော်လည်း မဲရုံမှူးက မည်သည့် ဖြေရှင်းချက်မှ မပေးပဲ ထိုထောက်ခံမဲကိုသာ မဲပုံးထဲသို့ ထည့်ပေးရန်တိုက်တွန်းခဲ့ကြသည်။

ကျောက်မဲမြို့ ၉ ရပ်ကွက် အထက ၂ မဲရုံသို့ လာရောက် မဲထည့်သူအချို့ကိုလည်း မဲရုံစောင့်သူများက မဲပြားများ ထုတ်ပေးရာတွင် အမှန်ခြစ် ခြစ် ထားသော မဲပြားများထုတ်ပေးသကဲ့သို့ ကျောက်မဲမြို့ပြင်ရှိ ခိုမှန်းအုပ်စု၊ စခန်းသာအုပ်စု အစရှိသော မဲရုံများတွင်လည်း ထောက်ခံမဲ ခြစ်ထားသည့်မဲပြားများသာ ထုတ်ပေးသည်ဟု မဲထည့်သူများက ပြောပြ သည်။သီပေါမြို့နယ်ရှိ ရှမ်းရွာအချို့တွင်လည်း ကောင်း၊ မန်တုန်မြို့နယ် မန်စပ်အုပ်စု၊ ဆိုင်းလိန်အုပ် စု၊ ခိုမုန်းအုပ်စု၊ ပန်ယောင်အုပ်စု အစရှိသည့် မဲရုံတို့ တွင် လာရောက်မဲပေးကြသော ပြည်သူအချို့ကို ထောက်ခံမဲခြစ်ထားသည့် မဲပြားထုတ်ပေးကာ မဲပုံးထဲသို့ အတင်းအဓမ္မ ထည့်ခိုင်းခဲ့သည်။


(c) r½apmirsm;u ray;orsm;u , pm; axmucrjcpay:jci;

ကွတ်ခိုင်၊ နမ့်ဆန်၊ နမ့်ခမ်း၊ မန်တုန်၊ သီပေါ၊ ကျောက်မဲ၊ မိုင်းဇော့် အစရှိသောမြို့များနှင့် ထိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု မဲရုံများတွင် မဲရုံအတွင်း လာရောက်မဲထည့်သူအချို့ကို မဲပြားများထုတ်ပေး၍ မဲရုံစောင့်များ ကိုယ်တိုင် မဲထည့်သူများကို မဲဆန္ဒပြုခန်းထဲသို့ ခေါ်သွားကာ မဲပြားပေါ်ထောက်ခံမဲခြစ်ပေးပြီး မဲပုံးထဲသို့ ထည့်ခိုင်းခဲ့သည်။ မဲရုံအတွင်းသို့ ရောက်ရှိလာသော သက်ကြီးရွယ်အိုများ၊ စာမဖတ်တတ်သူများကိုလည်း မဲဆန္ဒပြုခန်းအတွင်းသို့ မဲရုံစောင့်သည့် ဆရာမများ၊ ကြက်ခြေနီများ ကိုယ်တိုင် ခေါ်ဆောင်ကာ ထောက်ခံမဲခြစ်ပေးခဲ့ကြသည်။

ကွတ်ခိုင်နှင့် မန်တုန်မြို့နယ်အတွင်းရှိ အချို့သောမဲရုံများတွင် မဲလာပေးသူများကို မဲပြားများ ထုတ်ပေးပြီးသည်နှင့် မဲရုံမှူး၏ ရှေ့မှောက်တွင်ပင် ဆန္ဒမဲပေးရန် ခိုင်းစေမှုများရှိပြီး အချို့သူများကို မဲရုံမှူးကိုယ်တိုင် ထောက်ခံမဲခြစ်ပေး၍ မဲပုံးတွင် မဲထည့်ခိုင်းခဲ့သည်။

(*) r½apmirsm; ray;on rqEjy/ce;twi;xvuv/un½jci;

လားရှိုး၊ သီပေါ၊ ကျောက်မဲနှင့် နမ္မတူမြို့တို့တွင် လာရောက်မဲပေးသူများကို လျှို့ဝှက်ခန်းအတွင်းအထိ ခေါ်ဆောင်သွားပြီးမှ မဲပြားများ ထုတ်ပေးသည်။ ထိုနောက် မဲပေးသူများ မဲပေးနေစဉ် ထိုအခန်းအတွင်းတိုင်းတွင် မဲပေးသူဘေးရပ်နေပြီး စောင့်ကြည့်နေကြသည်။ ထို့ကြောင့် မဲပေးသူအများစုမှာ ကန့်ကွက်မဲ မပေးရဲကြပဲ ထောက်ခံမဲများကိုသာ ပေးခဲ့ကြရသည်။ အချို့သော မဲရုံစောင့်များမှာ မဲပေးသူများကို ထောက်ခံမဲပေးကြရန် မတိုက်တွန်းသော်လည်း မဲပေးနေစဉ် လျှို့ဝှက်အခန်းအတွင်းထိ လိုက်လံစောင့်ကြည့်နေသဖြင့် အများစုက ထောက်ခံမဲများသာ ပေးခဲ့ကြရသည်။

ပလောင်ဒေသအတွင်းရှိ မဲရုံများ၏ ဖွဲ့စည်းပုံမြင်ကွင်း

(C) u,pm;jy/rxnjci;

လားရှိုး၊ သီပေါ၊ နမ့်ဆန်၊ မန်တုန်၊ ကျောက်မဲ၊ ပိုင်းဝဲ့၊ မူစုယ်၊ နမ့်ခမ်း၊ နမ့်ဖက်ကာ၊ ကွက်ခိုင် အစရှိသောမြို့များ၏ မြို့တွင်းမဲရုံများတွင်လည်းကောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုမဲရုံများတွင်လည်းကောင်း မိသားစုကိုယ်စား မဲပြားများ ထုတ်ယူကာ မိသားစုဝင်တဦးတည်းက မိသားစုကိုယ်စားပြုမဲထည့်ခွင့် ပြုခဲ့ကြသည်။ ထိုကြောင့် မဲရုံအများစုမှာ မွန်းတည့် ၁၂ နာရီမတိုင်မီကပင် မဲလာရောက်ထည့်ကြသူများ မရှိတော့ပဲ မဲရုံကိုစောစီးစွာ ပိတ်ပစ်ခဲ့ကြသည်။

လားရှိုးမြို့ ၁၂ ရပ်ကွက်မဲရုံတွင် နံနက်စောစောပိုင်းရှစ်နာရီခန့်တွင် မဲထည့်သူများ စည်ကားပြီးကိုယ်စားပြု ထည့်နိုင်သည်ဟု သိကြသောအခါ မိသားစုခပ်များများမှာ မဲထည့်ပိုင်ခွင့်ရှိသူအားလုံးကိုယ်စား လူတဦးနှစ်ဦးကိုသာ စေလွှတ်မဲပေးခဲ့ကြသည်။ ထိုကဲ့သို့ မဲပေးခဲ့သူလူငယ်တဦးက မိမိတို့အနေဖြင့် မိသားစုကိုယ်စား မဲပြားခြောက်ပြားရယူကာ မဲရုံစောင့်များ ထောက်ခံခိုင်းသည့်ကြားက ကန့်ကွက်မဲများ ပေးနိုင်ခဲ့သကဲ့သို့ မဲလာရောက်မပေးသော မိသားစုများကိုယ်စား မဲရုံစောင့်များကလည်း အလွယ်တကူ ထောက်ခံမဲ ပေးနိုင်သည်ဟု ပြောပြသည်။ လားရှိုး ရပ်ကွက် ၅ တွင် တာဝန်ကျသော မဲရုံစောင့် တဦးက မဲရုံသို့ လာရောက်မဲပေးသူ မရှိတော့သည့် ၁၂ နာရီနောက်ပိုင်းတွင် မဲပေးရန် ပျက်ကွက်သော မိသားစုစာရင်းများကို မဲရုံမှူးကိုယ်တိုင် တွက်ချက်ခိုင်းကာ ထောက်ခံမဲ ၅၀၀ ကျော် ခြစ်ခိုင်း၍ မဲပုံးတွင် ထည့်ခိုင်းခဲ့သည်။

နမ့်ဆန်၊ နမ့်ခမ်း၊ မန်တုန်၊ နမ္မတူမြို့နယ်ရှိ အချို့ကျေးရွာအုပ်စုများတွင် အိမ်ထောင်စုတစုလျှင် ကိုယ်စားလှယ်တဦးသာ ဟန်ပြမဲပေးခဲ့ရသည်။ ကျန်မိသားစုအဖွဲ့ဝင်များမှာ မဲစာရင်း လာရောက်ကောက်ခံကတည်းက မဲပေးနိုင်သူများအား ကြိုတင်လက်မှတ်ထိုးထားပြီး ဖြစ်သောကြောင့် ထိုသူများကိုယ်စား သက်ဆိုင်ရာမဲရုံမှ မဲပြားများထုတ်ယူကာ မဲရုံစောင့်များဖြစ်သည့် ဆရာ၊ ဆရာမနှင့် စာရေးများက ထောက်ခံမဲခြစ်ပြီး ကိုယ်စားမဲ ပေးခဲ့ကြသည်။ နမ့်ဆန်မြို့နယ် ဘုရားကြီးအုပ်စုတွင် ပါဝင်သည့် ဘုရားကြီး၊ ဇယ်ဘန်ကောက်၊ ဇယ်တုန်ဟုန်နှင့် မန်ပန်ရွာတို့သည် မဲပေးနိုင်သူစုစုပေါင်း ၁၅၀၀ ကျော်ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်ကိုယ်ကျ အမှန်တကယ် မဲလာပေးသူမှာ လူဦးရေ ၂၀၀ ပင်မရှိပေ။ ကျန်မဲများကို မဲရုံစောင့်အဖွဲ့ကပင် အမှန်ခြစ်၍ ထောက်ခံမဲထည့်ခဲ့ကြကြောင်း မဲရုံစောင့်တွင် ပါဝင်သူများက ပြောပြခဲ့သည်။

vxqEqeuxionrjym;rsm;

သို့သော် အချို့ရွာများတွင်မူ ကျေးရွာများအတွင်းရှိမဲပေးပိုင်ခွင့်ရှိသူများမှာ မဲပေးရန် စာရင်းလာရောက် ကောက်ခံခဲ့သော်လည်း ကိုယ်တိုင်မဲမပေးရပဲ၊ ကျေးရွာဥက္ကဋ္ဌတဦးတည်းကသာ တရွာလုံး ကိုယ်စားမဲပေးခဲ့ကြသည်ဟု မန်တုန်၊ နမ့်ဆန်၊ ကွတ်ခိုင်မြို့နယ် အတွင်းရှိ ပလောင်ရွာသားများ ပြောကြားချက်အရသိရှိရသည်။ ထို့ပြင် မန်တုန်ဒေသရှိ ရွာဥက္ကဋ္ဌနှင့် နီးစပ်သူအချို့မှာ တဦးတည်း ယာယီမှတ်ပုံတင်ဆယ်ခုခန့် အမည်အမျိုးမျိုးဖြင့် ကိုင်ဆောင်ပြီး၊ ကိုယ်စားပြုမဲများထည့်ခဲ့ကြသည်။ ပလောင် ပြည်သူများနေထိုင်သည့် နေရာဒေသများတွင် သေဆုံးသူများနှင့် အသက်မပြည့်သေးသောသူများကိုလည်း မဲပေးပိုင်ခွင့်ရှိသူ စာရင်းတွင် ထည့်ထားပြီး၊ ထိုသူများ ကိုယ်စား မဲပေးခဲ့ရသည်ဟု မန်တုန်မြို့ ပန်ရောင်အုပ်စုမဲရုံတွင် ကိုယ်စားမဲပေးခဲ့သူတဦးထံမှ သိရှိရသည်။

(i) rxnyiciu ta&Smif;i;r ueowxe;csKyjci;

မန်တုန်၊ ကွတ်ခိုင်နှင့် လားရှိုးမြို့နယ်တို့တွင် မဲရုံအများစုမှာ ၈ ရက်နေ့နှင့် ၉ ရက်နေ့ကတည်းက မဲပေးခွင့် အမှတ်စဉ်ပါသည့် တိုကင်ပြားများကို နယ်မြေမှူးများက အိမ်တိုင်းသို့ လိုက်လံဝေငှပေးခဲ့ကြသည်။ ထိုတိုကင်ပြားပြမှသာလျှင် ဆန္ဒပြုခွင့်မဲလက်မှတ်ထုတ်ပေးကာ မဲပေးကြရသည်။ ထိုကဲ့သို့ မဲပေးခွင့် တိုကင်ပြားများဝေရာတွင် အချို့သူများမှာ အသက်လည်းပြည့်၊ သတ်မှတ်ထားသော မဲပေးပိုင်ခွင့် အင်္ဂါရပ်များနှင့်လည်း ကိုက်ညီသော်လည်း တိုကင်ပြားများထုတ်မပေးသဖြင့် မဲပေးခွင့်များ ဆုံးရှုံးခဲ့ကြရသည်။ ထိုကဲ့သို့သူများမှာ မဲရုံမှူးထံ ပြန်လည်တင်ပြသောအခါ အဖွဲ့ဝင်များပေါ့လျော့မှုကြောင့်ဟုဆိုကာ မဲပြားများ ပြန်ထုတ်ပေးခဲ့သည်။ သို့သော်လည်း တိုကင်မရရှိသူလူအများစုမှာ မဲပေးခြင်းကို ယခင်ကတည်းကပင် အယုံအကြည်မရှိ၍ မဲရုံမှူးများထံ ပြန်လည်တင်ပြခြင်းမရှိတော့သည်ကို များပြားစွာတွေ့ရသည်။

လားရှိုးမြို့ရပ်ကွက် ၁၀ တွင်နေထိုင်သူအသက် ၂၀ ကျော်လူငယ်တဦးက ‘‘ကျနော် အသက် ၂၀ ကျော်ပြီ၊ မဲထည့်ဖို့ မဲပေးခွင့် အမှတ်စဉ်တိုကင်ပြားမရဘူး။ ကျနော့်ညီမ ၁၆ နှစ်ကျော်ပဲရှိသေးတယ် တိုကင်ပြားရတယ်။ ကျနော်တို့အိမ်မှာ အဖေ၊ အမေ၊ အစ်မနှစ်ယောက်၊ အကိုသုံးယောက် ကျနော် အပါအဝင် မဲပေး ခွင့် ၈ ယောက်ရှိပေမဲ့ အဖေ၊ အမေ အစ်မတယောက်နဲ့ အသက်မပြည့်သေးတဲ့ ညီမငယ်



မဲဆန္ဒပြုခန်းအတွင်း ဤကဲ့သို့ အစောင့်တဦးရှိနေလျှင် သင်မည်ကဲ့သို့လွတ်လပ်စွာဆန္ဒမဲ ပေးမည်နည်း



ပလောင်အမျိုးသမီးတဦး မဲထည့်နေစဉ်



အချို့မဲရုံများမှာ ကန့်ကွက်မဲကို ထောက်ခံမဲများ ပြောင်းရန်အတွက် ဤကဲ့သို့ပင် မဲပြားများ ရေတွက်နေစဉ်

တို့အတွက် တိုကင်ပြားလေးပြားရတယ်။ ကျနော်က နယ်မြေမှူးကို မေးတော့ အထက်လူကြီးတွေ ဝေခိုင်းတဲ့အတိုင်း လိုက်ဝေတာပဲလို့ ပြန်ဖြေတယ်။ ကျနော်တို့ ညီအကိုတတွေလည်း ပြဿနာမတက်ချင်တာနဲ့ မဲပေးခွင့် အရှုံးခံပြီး မဲမပေးလိုက်ရဘူး။ ဒါပေမဲ့နောက်ပိုင်း မဲရုံစောင့်သူငယ်ချင်း ပြန်ပြောပြတာကတော့ မိသားစုတိုင်းရဲ့ အိမ်ထောင်စုစာရင်းထဲမှာ အသက် ၁၈ နှစ်ပြည့်တဲ့လူတွေ မဲလာမပေးရင် သူတို့ကိုယ်စား မဲရုံ စောင့်တွေက မဲပြားထုတ်ပြီး ထောက်ခံမဲပေးခဲ့ကြတယ်လို့ သိလိုက်ရတဲ့အချိန်မှာ ကျနော်တို့ရဲ့ မဲပေးပိုင်ခွင့်ကို ကန့်သတ်ထားတဲ့အပြင် အလွဲသုံးစား လုပ်သွားတာ သိလိုက်ရလို့ အရမ်းခံပြင်းတာပဲ" ဟု ပြောပြခဲ့သည်။

အချို့သောသူများမှာ မဲပေးနိုင်မည့်စာရင်း လာရောက်ကောက်ယူစဉ် ခရီးလွန်နေသဖြင့် ခရီးမှပြန်ရောက်သောခါ မဲရုံမှူးများထံ အကြောင်းကြားသော်လည်း၊ အချို့မဲရုံမှူးများမှာ စာရင်းပိတ်ပြီဟုဆိုကာ မဲပေးပိုင်ခွင့်ကို ရုတ်သိမ်းခဲ့ကြသည်။

(p) en;trs;rs;jziajcmuveum axmucray;ci;jci;

စစ်အစိုးရတို့သည် မဲမပေးခင်နှင့် မဲပေးနေစဉ်အတွင်း နည်းလမ်းအမျိုးမျိုးဖြင့်အသုံးပြုကာ ပြည်သူလူထုတို့အား ထောက်ခံမဲပေးကြရန် အတင်းအဓမ္မ စည်းရုံးခဲ့ကြသည်။ လက်ဖက်ထွက်ကုန် တခုတည်းကို မှီခိုအားထားရသော မန်တုန်၊ နမ့်ဆန်မြို့နယ်အတွင်းတွင် နေထိုင်ကြသော ပလောင်မိဘ ပြည်သူများကို ကန့်ကွက်မဲများထည့်လျှင် ပလောင်ဒေသအား ဆန်တင်ပို့မှုရပ်တန့်ပစ်မည်ဟု အရှေ့မြောက်တိုင်းမှူးကပြောကြားထားကြောင်း နမ့်ဆန်မြို့မဲကော်မရှင်တွင် ပါဝင်သော တပ်မတော်လက်ဖက် ခြောက်စက်ရုံအကြီးအကဲ ဝိုလ်ကြီးသန်းထွန်းက ပလောင်ပြည်သူလူထုအားလုံးသိရှိစေရန် ပြောကြား ခဲ့သည်။ ထို့ကြောင့် မြန်မာပြည်အောက်ပိုင်းမှ ဆန်များကို အဓိကထားဝယ်ယူစားသုံးနေရသော ပလောင် မိဘပြည်သူများမှာ ကန့်ကွက်မဲထည့်ရန် ဆွေးနွေးဝံ့သူ အလွန်နည်းခဲ့ရသည်။

ထို့ပြင် မဲပေးသည့်နေ့ရက်တွင်လည်း အများပြည်သူတို့ ကန့်ကွက်မဲမထည့်စေရန်အတွက် မဟုတ်မမှန်သည့် လုပ်ဇာတ်များကို သတင်းလွှင့်ခဲ့ကြသည်။ ၁၀ ရက်နေ့မဲပေးနေစဉ်အတွင်းတွင် လားရှိုးနှင့် မိုင်းရယ်အကြား နမ့်ပေါ်ရွာအုပ်စုတွင် ကန့်ကွက်မဲပေးခြင်းလာသူကို စစ်တပ်မှ သေနတ်ဖြင့်ပစ်သတ်ခဲ့သည် ဟူသော ကောလဟလသတင်းကို လားရှိုးမြို့ မဲရုံအနှံ့တွင် ပျံနှံ့အောင်လုပ်ခဲ့ပြီး အများပြည်သူတို့ ကန့်ကွက်မဲ မထည့်ရဲအောင် ပြုလုပ်ခဲ့ကြသည်။ ထိုပြင် ကန့်ကွက်မဲထည့်လျှင် ထည့်သူ၏ မဲအမှတ်စဉ် နံပါတ်နှင့် မှတ်ပုံတင်နံပါတ်တို့ကို ရယူကာ နောက်ပိုင်းတွင် ပြင်းထန်စွာ အရေးယူသွားမည်ဟူ၍လည်း သတင်းများ လွှင့်ထားကြသည်။

ကျောက်မဲမြို့ အောင်မြေသာယာ ပလောင်ငြိမ်းချမ်းရေးကွက်သစ်တွင် နေထိုင်သူများ ကန့်ကွက်မဲထည့်ပါက ထိုသူကိုမှတ်သားထားပြီး ကွက်သစ်မှနှင်ထုတ်ကာ နေထိုင်ခွင့်ပေးမည်မဟုတ်ကြောင်း ပလောင်ခေါင်းဆောင် ဦးကျော်ရင်ကိုယ်တိုင် ရပ်ကွက်သားတို့ကို အစည်းအဝေးခေါ်ကာ ပြင်းထန်စွာ သတိပေးခဲ့သည်။ ထိုအတူ ပလောင်ရွာ၊ ရှမ်းရွာအများစုတို့တွင် ရွာသူကြီးနှင့် နအဖအာဏာပိုင်တို့က ထောက်ခံမဲပေးကြရန် အတင်း တိုက်တွန်းလှုံ့ဆော်သည့်အပြင် ကန့်ကွက်သူများကို ထိရောက်စွာ အရေးယူသွားမည် ဟူ၍လည်း သတိပေးခဲ့ကြသည်။



နအဖလူထုဆန္ဒခံယူပွဲရဲ့ မဲဆန္ဒပြုခန်း



မဲရုံတိုင်းဒီလိုကြော်ငြာတွေ ကပ်ထားရပါတယ်

(q) qEjy/rjym;u ry;xorxnr ppaq;/un½jci;

နမ့်ဆန်၊ ကွတ်ခိုင်နှင့် မန်တုန်မြို့နယ်တို့တွင် အချို့မဲရုံများမှာ ဆန္ဒမဲပေးရာတွင် လွတ်လပ်ခွင့်ပေးသော်လည်း၊ နောက်ဆုံး ဆန္ဒပြပြီးသည့် မဲလက်မှတ်ကို မဲပုံးထဲသို့မထည့်ခင် မဲရုံစောင့်အဖွဲ့ဝင်များထံပြပြီး၊ ထိုသူများစစ်ဆေးပြီးမှသာ မဲပုံးထဲသို့ ထည့်ခွင့်ပြုခဲ့ကြသည်။ အချို့မဲရုံများမှာ မဲပေးသူတိုင်း၏ ဆန္ဒပြုပြီး လက်မှတ်ကို မစစ်ဆေးသော်လည်း၊ မဲရုံမှူးမှ သံသယရှိသူများကို မဲရုံမှူး၏ ခိုင်းစေချက်အရ စစ်ဆေးခဲ့ကြရသည်။ ထို့ကြောင့် လူအများစုမှာ ကန့်ကွက်မဲပေးလျှင် မိမိတို့၏အမည်များကို မှတ်သားထားကာ ယင်းတို့ ခြောက်လှန့်ထားသည့်အတိုင်း ဒုက္ခပေးမည်ကိုစိုးရိမ်၍ ထောက်ခံမဲသာ ပေးခဲ့ကြသည်။

နမ့်ဆန်မြို့နယ် ကယားလမ်းအုပ်စုတွင် မဲလာပေးသည့် ကယားလမ်းရွာပြည်သူများမှာ မဲဆန္ဒပြုခန်းတွင် လွတ်လပ်စွာ မဲပေးရသော်လည်း၊ မဲပုံးထဲသို့ မဲမထည့်မီ မဲရုံစောင့်များက မဲလက်မှတ်များကို စစ်ဆေးခဲ့ကြသည်။ ထို့ကြောင့် ကန့်ကွက်မဲထည့်သူ အလွန်နည်းပါးခဲ့ရသည်။

(Z) ueuurrsm;uy,zsuum axmucrtjzpajymi;vypjci;



နမ့်ဆန်၊ ကွတ်ခိုင်၊ နမ္မတူနှင့် မန်တုန်မြို့နယ်ရှိ မဲရုံများသည် မဲရုံကြီးကြပ်သူများသည် မဲပုံးတွင်းသို့ မဲမထည့်မီ စစ်ဆေးခြင်းသော်လည်းကောင်း၊ မဲပေးပြီးခြင်း မဲပုံးများကိုဖွင့်ကြည့်ခြင်းသော်လည်းကောင်း စောင့်ကြပ်နေသည့်ကြားကပင် ကန့်ကွက်မဲများ တွေ့ရှိလာလျှင် ထိုကန့်ကွက်မဲကို ထောက်ခံမဲပြားအဖြစ်သို့ ပြောင်းလဲလိုက်ကြသည်။ မဲပုံးတွင်းသို့ မဲမထည့်မီ စစ်ဆေး၍ ကန့်ကွက်မဲဖြစ်နေလျှင် မဲပေးသူများရှေ့တွင်ပင် ထိုထောက်ခံမဲများကိုဆုတ်ဖြဲပစ်ပြီး၊ ထောက်ခံမဲခြစ်ကာ မဲပေးသူကို မဲပုံးထဲသို့ ပြန်ထည့်ခိုင်းခဲ့သည်။

နမ့်ဆန်၊ မန်တုန်၊ နမ္မတူမြို့နယ်အတွင်းရှိ ကန့်ကွက်မဲထွက်ပေါ်လာသော မဲရုံအများစုမှာ မဲရေတွက်စဉ်တွင်လည်းကောင်း၊ မဲရေတွက်ပြီး မဲရလဒ်ကို ကော်မရှင်သို့ပို့သည့်အခါတွင်သော်လည်းကောင်း ထိုကန့်ကွက်မဲများကို မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ လာရောက်ကြီးကြပ်သော ဒေသခံ စစ်ခေါင်းဆောင်များဖြစ်စေ၊ မဲကော်မရှင်ကဖြစ်စေ ထောက်ခံမဲအဖြစ်သို့ အစားထိုးပြောင်းလဲခဲ့ကြသည်။ ထိုဒေသအတွင်းရှိ မဲရုံတွင်ပါဝင်ခဲ့ရသူ မဲရုံကြီးကြပ်ရေးအဖွဲ့များ၊ မယက စာရေးများက မဲရုံမှူးများသည် ယင်းတို့အား ကန့်ကွက်မဲအစား ထောက်ခံမဲရေးခြစ်ကာ ပြန်လည်ပြင်ဆင်ကြရန် ခိုင်းစေခဲ့ကြောင်းပြောပြခဲ့သည်။

(ps) r½u owrwcsexrusi;yjci;

ဆန္ဒခံယူပွဲမဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲရုံဖွင့်လှစ်ကျင်းပခဲ့ရိုးဟု သတ်မှတ်ထားသော်လည်း လားရှိုး၊ သီပေါ၊ နမ့်ဆန်၊ မန်တုန်၊ နမ္မတူ၊ ကျောက်မဲ၊ ပိုင်းဝဲ့၊ မူစယ်၊ နမ့်ခမ်း၊ နမ့်ဖက်ကာ၊ ကွတ်ခိုင် အစရှိသောမြို့များတွင်ရှိသော မဲရုံများမှာ အကြောင်းအမျိုးမျိုးကြောင့် နံနက်ခင်းပိုင်း သို့မဟုတ် နေ့ခင်း ၁ နာရီ မတိုင်မီကတည်းကပင် မဲရုံများပိတ်ခဲ့ကြသည်။ မဲရုံများမှာ အဓိကအားဖြင့် ကြိုတင်မဲများအရေအတွက်များနေခြင်း၊ အိမ်ထောင်စုကိုယ်စား (သို့) တရွာလုံးကိုယ်စား လူတဦးတည်းက ကိုယ်စားပြုမဲပေးနိုင်ခြင်း၊ မဲပေးပိုင်ခွင့်ချုပ်ချယ်ကန့်သတ်ခံရခြင်း စသည်တို့ကြောင့် ၇ နာရီခန့် စတင်သော မဲရုံသည် ၉ နာရီခန့်တွင် မဲပေးသူ အလွန်နည်းပါးသွားသည်ကို တွေ့ရှိရသည်။

လုပ်ငန်းခွင်ဝင်ရာမှ ပြန်လာသော အလုပ်လုပ်သူများသည် ၁၂ နာရီနောက်ပိုင်းတွင် မဲပေးရန် ရောက်ရှိလာသောအခါ မဲရုံပိတ်သွားသောကြောင့် မဲမပေးပဲ ပြန်လာခဲ့ကြရသည်။ နမ့်ခမ်းနှင့် မူဆယ်မြို့နယ်တွင် ကန့်ကွက်မဲများစွာ ထည့်ကြသောမဲရုံများကို မဲကော်မရှင်နှင့် အထက်လူကြီးများ ခိုင်းစေချက် အရ ၉ နာရီ ဝန်းကျင်ကတည်းကပင် ပိတ်ခဲ့ကြသည်။

(n) ray;orsm; rvmray;aomvn; rpm&i;jynatmiiy*vyjci;

လားရှိုး၊ သီပေါ၊ နမ့်ဆန်၊ မန်တုန်၊ နမ္မတူ၊ ကျောက်မဲ၊ ပိုင်းဝေါ့၊ မူစယ်၊ နမ့်ခမ်း၊ နမ့်ဖက်ကာ၊ ကွတ်ခိုင် အစရှိသော မြို့နယ်များတွင်ရှိသော မဲရုံများမှာ မဲရုံပိတ်ချိန်တွင် ကြေညာထားသည့် မဲပေးပိုင်ခွင့်ရှိသူစာရင်း၌ ပါဝင်သူများ မဲမပေးသေးလျှင် ထိုသူများကိုယ်စား ထောက်ခံမဲများခြစ်ကာ မဲပေးပိုင်ခွင့်ရှိသူစာရင်းပါ အရေအတွက်အတိုင်း ပြည့်စေရန်အတွက် မဲထည့်ကြရန် မဲရုံမှူးများက မဲရုံအဖွဲ့ဝင်များအား ခိုင်းစေခဲ့သည်။ နမ့်ဆန်မြို့နယ်အတွင်းရှိ အချို့မဲရုံများတွင် ထိုကဲ့သို့ မဲစာရင်းပြည့်စေရန် ထောက်ခံမဲများ ထပ်မံထည့်ကြရာ လိုအပ်သည့်မဲပြားအရေအတွက် မလုံလောက်သဖြင့် ဒူးယားစီးကရက်ဗူးခွံများကို မဲပြားများအဖြစ် ပြုလုပ်အသုံးပြုခဲ့ကြသည်ဟု မဲရုံအဖွဲ့ဝင်များက ယင်းတို့နှင့် နီးစပ်သည့် အသိုင်းအဝိုင်းကြားတွင် ပြောကြားခဲ့ကြသည်။


(#) rormaomen;jzi rrsm;a&wujci;

လားရှိုး၊ သီပေါ၊ မန်တုန်၊ နမ့်ဆန်၊ ကျောက်မဲ၊ နမ္မတူ မြို့တွင်းနှင့် နယ်ဘက်ရှိ ကျေးရွာအုပ်စုတို့တွင် မဲရုံများ စောစီးစွာ ပိတ်လိုက်သောကြောင့် မဲများကို မဲရုံစောင့်များနှင့် အာဏာပိုင်များကသာ လိုအပ်သလို ရေတွက်ခဲ့ကြသည်။ လားရှိုးမြို့ အမှတ် ၆ ရပ်ကွက်၏ မဲရုံအလယ်တွင် မဲရေတွက်ရန်နေရာဟူ၍ စားပွဲများဖြင့် နေရာချထားသော်လည်း အမှန်တကယ်မဲ မရေတွက်ပဲ မဲပုံများကို အာဏာပိုင်များ၏ ကားပေါ် သို့သာ တင်ပေးလိုက်ကြသည်။ မဲရုံအများစုမှာ ရပ်ကွက်(သို့)ကျေးရွာ ကောင်စီရုံးများ၊ ရဲစခန်းများတွင်သာ မဲများရေတွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ကောင်စီရုံးများတွင် ရေတွက်သောကြောင့် မဲဆန္ဒရှင်များမည်သူမျှ ကြည့်ရှုခွင့်မရကြပဲ ကန့်ကွက်မဲများကိုလည်း ပယ်ဖျက်ကာ ထောက်ခံမဲများအဖြစ် အစားထိုးရေတွက်ခဲ့ကြသည်ဟု ထိုဒေသအတွင်း တာဝန်ကျရုံးစာရေးများက ပြောပြသည်။

အချို့မဲရုံများသည် မဲပုံးများကို လူအများရှေ့မှောက်တွင်ဖောက်ကာ မဲရေတွက်ခြင်းမပြုသည့်အပြင် အခြားတနေရာသို့ မဲပုံး များကို သယ်ဆောင်သွားရာတွင်လည်း မဲပုံးချိတ်ပိတ်ခြင်း မပြုလုပ်ပဲ သယ်ဆောင်သွားကြသည်။ ကျောက်မဲမြို့ ၈ ရပ်ကွက် အမက ၁၀ ကျောင်းတွင် ကျင်းပသော မဲထည့်ခွင့်ရှိသူ ၂၀၀၀ ကျော်ရှိသည့် မဲရုံနှင့် လူ ၄၀၀၀ ကျော်မဲ ထည့်ခွင့်ရှိသည့် အထက ၁ ကျောင်းတွင် ပြုလုပ်သည့် မဲရုံတို့သည် ညနေ ၃ နာရီခန့်တွင် မဲပုံးများကို ချိတ်ပိတ်ခြင်းမရှိပဲ ရပ်ကွက်ရုံးသို့ သယ်ဆောင်သွားပြီး ရုံးအတွင်းစုပေါင်းကာ မဲရေတွက်ခဲ့ကြသည်။ ထိုကဲ့သို့ မဲရေတွက်စဉ် ရပ်ကွက်ရုံးပရဝုဏ်အတွင်း မည်သူမျှ ဝင်ရောက် ကြည့်ရှုခွင့်မရခဲ့ပေ။

ထိုကဲ့သို့သောမဲရုံများသည် မဲရေတွက်ရာ မဲရုံနှင့် မဲရေတွက်သည့်နေရာများသည် အများပြည်သူတို့ ဝင်ရောက်ကြည့်ရှုနိုင်ခြင်း မရှိအောင် ရဲများ၊ မီးသတ် တပ်ဖွဲ့များ၊ ကြံ့ခိုင်ရေးအဖွဲ့ဝင်များ အဆင့်ဆင့် စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် အခြားသူများ လာရောက်ခြင်း၊ ဓါတ်ပုံရိုက်ခြင်း မပြုနိုင်အောင် အကွက်ကျကျ စီမံထားကြသည်။

သို့သော် လားရှိုး၊ မန်တုန်၊ ကွတ်ခိုင်၊ နမ္မတူမြို့နယ်အတွင်းရှိ အချို့မဲရုံများမှာ မဲဆန္ဒရှင်ရှေ့မှောက်တွင် မဲရေတွက်သော်လည်း ကန့်ကွက်မဲ၊ ထောက်ခံမဲ၊ ပယ်မဲစာရင်းကို ထုတ်ပြန်ခြင်းမပြုသေးပဲ ကော်မရှင်ထံသို့ တိုက်ရိုက်ပေးပို့ကြရသည်။ မဲရုံစောင့် ကြပ်သူတဦးပြောပြချက်အရ အခြားကြိုတင်မဲပေးသူများနှင့် ကြိုတင်မဲပေးသူဝန်ထမ်းစာရင်းများ ထည့်ပေါင်းပြီးမှသာ ကော်မရှင်က လိုအပ်သလို မဲစာရင်းများ ထုတ်ပြန်မည်ဟု သိရှိရသည်။ မဲရေတွက်ရာတွင် အများပြည်သူကို ကြည့်ရှုခွင့်ပြုသော်လည်း ကန့်ကွက်မဲများထွက်လာလျှင် မဲရုံမှူးများ ကိုယ်တိုင် ထောက်ခံမဲပြားအဖြစ် ပြောင်းလဲလိုက်သည်ကို မည်သူမျှ စောဒကမတက်ရဲခဲ့ကြပေ။



နအဖ၏ လူထုဆန္ဒခံယူပွဲအတွက် မဲကော်မရှင်နှင့် မဲရုံအဖွဲ့ တာဝန်ခန့်အပ်စာ

(X) ray;yici&oxu r&v'yrsm;jci;

နမ့်ဆန်၊ မန်တုန်၊ နမ္မတူ၊ ကွတ်ခိုင်မြို့နယ်တို့တွင်ရှိသော် အချို့မဲရုံများသည် မဲရေတွက်သည့်အချိန် ထွက်ပေါ်လာသော ရလဒ်များမှာ မဲရုံတွင်ကြေညာထားသည့် မဲပေးနိုင်သူများ၏စာရင်းအရေအတွက်ထက် ပိုနေကြောင်း မဲရုံကြီးကြပ်ရေးအဖွဲ့တွင် ပါဝင်သူများက ပြောပြသည်။ ပလောင်ဒေသ အတော်များများတွင်ရှိသော မဲရုံများသို့ အမှန်တကယ် မဲလာပေးသောသူများမှာ မဲပေးနိုင်သူ၏ ထက်ဝက်ပင်မရှိသော်လည်း မဲစာရင်းများရေတွက်သည့်အချိန်မှာ မဲပေးနိုင်သူ အရေအတွက် အားလုံးပါဝင်သည့်အပြင် ဖော်ပြထားသော စာရင်းထက် ရာဂဏန်းများစွာ ပိုနေသည်ကို တွေ့ရှိရသည်။

မန်တုန်နှင့် နမ့်ဆန်မြို့နယ်အတွင်းရှိ ပလောင်ရွာများတွင် မြန်မာပြည်အလယ်ပိုင်းမှ လာရောက်လက်ဖက်ခူးနေသည့် အလုပ်သမားများကိုလည်း မှတ်ပုံတင်ပြကာ မဲပေးပိုင်ခွင့်ပြုခဲ့ကြသည်။ ထိုသူများမှာ မဲရုံများတွင် ကြေငြာထားသည့် မဲပေးနိုင်သူစာရင်းတွင် ပါဝင်ခြင်းမရှိပေ။ ထိုအတူ ထိုလက်ဖက်ခူးသမားများသည့် ယင်းတို့၏ဇာတိရပ်ရွာများတွင်လည်း မဲပေးနိုင်မည့် အိမ်ထောင်စုစာရင်းတွင်ပါဝင်သဖြင့် ဇာတိရပ်ရွာများတွင် အိမ်ထောင်စုအဖွဲ့ဝင် (သို့) ရွာဥက္ကဋ္ဌများက ကိုယ်စားပြုမဲများ ထည့်ပေးခဲ့ပြီးဖြစ်သည်။ ဖြိုလယ်မှ မေလယ်ခန့်ထိကြာသော လက်ဖက်ရာသီတွင် ပလောင်ဒေသတခုလုံးအတွင်းသို့ မြန်မာပြည်အလယ်ပိုင်းမှ လက်ဖက်ခူးအလုပ်သမားများ တသိန်းကျော် လာရောက်အလုပ်လုပ်ကြသည် ။

tce; (5)

vxqEc,y r&v'rsm;

ကွတ်ခိုင်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နမ့်ဆန်၊ နမ္မတူနှင့် မန်တုန်မြို့နယ်တို့၏ လူထုဆန္ဒခံယူပွဲရလဒ် အဖြေတိတိကျကျကို ယနေ့အထိ လူသိရှင်ကြား မထုတ်ပြန်သေးသည်ကို တွေ့ရှိရသည်။ နအဖစစ်အစိုးရ ထိပ်ပိုင်းခေါင်းဆောင်များ အချင်းချင်း အကြားတွင် ပေါ်ထွက်နေသော ဆန္ဒမဲရလဒ်အဖြေများမှာ လားရှိုးမြို့တွင် ၉၂% နမ္မတူ၊ ကျောက်မဲ၊ မန်တုန်၊ သီပေါနှင့် နမ့်ဆန်မြို့များတွင်လည်း ထောက်ခံမဲအများစု ရရှိကြောင်း ပြောဆိုနေကြသည်။ ထိုမြို့များတွင် ကန့်ကွက်မဲထည့်ခဲ့သောသူများမှာ ဆန္ဒမဲ၏ အဖြေရလဒ်ကို သိရှိလိုသော်လည်း မည်သည့်နေရာတွင်မှ တရားဝင်ကြေညာထားခြင်း မရှိသေးပေ။

ထိုကဲ့သို့ မဲစာရင်းများကို တရားဝင်မကြေညာခြင်းမှာ ဆန္ဒမဲထည့်သည့် အများပြည်သူရှေ့မှောက်တွင် မဲရေတွက်မှုမပြုပဲ မဲရုံကြီးကြပ်သူအချို့နှင့် စစ်အာဏာပိုင်များကသာ သီးသန့်ရေတွက်ခြင်း၊ ဆန္ဒမဲလာရောက်မပေးသော ပြည်သူများကိုယ်စား မဲရုံမှူးများက မဲရုံကြီးကြပ်သူများအား အထက်အမိန့်ဖြင့် ထောက်ခံမဲပေးခိုင်းသည့် ပမာဏများလွန်းခြင်း၊ ပြည်သူလူထုအများစုမှာ အကြောက်တရားဖြင့်သာ မဲရုံသို့ မဲလာပေးကြသော်လည်း လူထုဆန္ဒခံယူပွဲအပေါ် လုံးဝအယုံအကြည်မရှိသည်ကို အာဏာပိုင်များက ကောင်းမွန်စွာသိရှိနေခြင်း၊ ထွက်ပေါ်လာသော ဆန္ဒမဲရလဒ်များကို အများပြည်သူတို့နှင့်အတူ နိုင်ငံတကာက လက်မခံနိုင်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်ဟု ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းခေါင်းဆောင်များ၊ ပြည်သူလူထုများက သုံးသပ်ယူဆကြသည်။

သို့သော် လူအများစုမှာ ဆန္ဒခံယူပွဲရလဒ်ကိုသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသော်လည်းကောင်း၊ နအဖ၏ လမ်းပြမြေပုံကိုသော်လည်းကောင်း စိတ်ဝင်စားမှုမပြုနိုင်ကြပဲ ကြီးမားလှသော ကုန်ဈေးနှုန်းအောက်တွင် စားဝတ်နေရေးပြဿနာကို ပြေလည်နိုင်ရန်သာ ကြပ်တည်းစွာ ရုန်းကန်လှုပ်ရှားကြရသည် ။

tce; (6)

vxqEc ,yusi;yy; tajctaersm;

လူထုဆန္ဒခံယူပွဲ ကျင်းပပြီးသည့်နောက်ပိုင်းတွင် ကန့်ကွက်မဲများ ထွက်ပေါ်လာသည့်မဲရုံမှူးတို့ကို သက်ဆိုင်ရာဒေသခံ စစ်အာဏာပိုင်တို့က ခေါ်ယူတွေ့ဆုံပြီး ထုချေလွှာများ တောင်းခံကာ ကန့်ကွက်မဲထည့်သူများ၏ အမည်နှင့်လိပ်စာများကို တောင်းခံခဲ့သည်။ ထိုနောက် ကန့်ကွက်မဲထည့်ခဲ့သူများကို ဒဏ်ငွေရိုက်ရန် ညွှန်ကြားခဲ့သော်လည်း ယခုထိ ထိုသူများအား ခေါ်ယူဒဏ်ရိုက်ခြင်းမရှိသေးပေ။ သို့သော် တရွာလုံး ကန့်ကွက်မဲထည့်ခဲ့သည့် နမ့်ခမ်းမြို့နယ်မှ ကျေးရွာဥက္ကဋ္ဌများနှင့် လားရှိုးမြို့နယ်မှ ကျေးရွာဥက္ကဋ္ဌတို့ကို အရေ့မြောက်တိုင်းစစ်ဌာနချုပ်တွင် ခေါ်ယူတွေ့ဆုံရာ ယနေ့ထိပြန်မလာသေးကြောင်း သိရှိရသည်။

မဲဆန္ဒခံယူပွဲမတိုင်မီတွင် ပြုလုပ်ခဲ့သော အစည်းအဝေးညွှန်ကြားချက်အရ နမ့်ဆန်နှင့် မန်တုန်မြို့နယ်အတွင်း ကန့်ကွက်မဲမရှိသော မဲရုံများကို ကျပ်ငွေ သိန်း ၃၀ အတိုးမဲ့ချေးပေးမည် ဟုဆိုသော်လည်း ယနေ့ထက်တိုင် မည်သည့်အကြောင်းကြားချက်မှ မရရှိသေးကြောင်း ကန့်ကွက်မဲမရှိသည့် မဲရုံမှူးများနှင့် ဥက္ကဋ္ဌတို့က ပြောပြသည်။

မန်တုန်နှင့် နမ့်ဆန်မြို့နယ်အတွင်းရှိ ပလောင်ကျေးရွာများတွင် လူထုဆန္ဒခံယူပွဲ မစတင်ခင်နှင့် ပြီးသွားသည့် နောက်ပိုင်းများတွင် လူထုဆန္ဒခံယူပွဲအတွင်း ကုန်ကျခဲ့သည့် ကုန်ကျစရိတ်များအတွက် ရံပုံငွေကောက်ခံသဖြင့် တအိမ်လျှင် ၁၀၀၀/၁၅၀၀ ကျပ်ပေးဆောင်ခဲ့ကြရသည်။ မဲရုံတရုံအတွက် အထက်မှ ချပေးသော မဲရုံစရိတ်မှာ ၁၂၀၀၀၀ (တသိန်းနှစ်သောင်း) ကျပ်ပင် ဖြစ်သောကြောင့် မဲရုံမှူးများအတွက် နေ့စားခ၊ စားသောက်စရိတ်၊ လုံခြုံရေးစရိတ်၊ မဲထည့်သူများနှင့် မဲရုံစောင့်အဖွဲ့ဝင်များ သယ်ယူစရိတ်၊ လာရောက်စစ်ဆေးသည့် ရဲနှင့် စစ်ခေါင်းဆောင်များ ဧည့်ခံစရိတ် အစရှိသည့် စရိတ်များကြောင့် ပလောင်ကျေးရွာတိုင်း လူထုဆန္ဒခံယူပွဲအတွက် ရံပုံငွေများ ထည့်သွင်းကြရသည်။

မဲဆန္ဒခံယူပွဲကော်မရှင်တွင် ပါဝင်ခဲ့သော တိုင်းရင်းသားခေါင်းဆောင်များသည် ယင်းတို့ကိုယ်တိုင် ဦးဆောင်ပါဝင် လှုပ်ရှားခဲ့သော လူထုဆန္ဒခံယူပွဲ၏ ရလဒ်အတိုင်း စစ်အစိုးရက အကောင်အထည် ဖော်လာလျှင် ထွက်ပေါ်လာသောဖွဲ့စည်းပုံကို မကြိုက်သော်လည်း လက်ခံရမည့်အကြပ်အတည်းကို ရင်ဆိုင်နေရကြောင်း တိုင်းရင်းသားခေါင်းဆောင်များအကြား အချင်းချင်းဆွေးနွေးမှုများလည်းရှိသည်။ သို့သော် မဲဆန္ဒခံယူပွဲမတိုင်မီတွင် ကန့်ကွက်မဲပေးကြရန် အချင်းချင်းကြိုတင် ညှိနှိုင်းခဲ့သော ဝ ခေါင်းဆောင်များ၊ ရှမ်းခေါင်းဆောင်များ၊ ကချင်ခေါင်းဆောင်များနှင့် ပလောင်ခေါင်းဆောင်များမှာ ယနေ့ထက်တိုင် ပြန်လည်တွေ့ဆုံနိုင်ခြင်းမရှိသေးပေ။ ဝ နှင့် ရှမ်း ဒေသတို့တွင် ကန့်ကွက်မဲအများစုထွက်ခဲ့သော်လည်း၊ ကချင်နှင့် ပလောင် ဒေသအများစုမှာ ထောက်ခံမဲများသာ ထွက်ပေါ်ခဲ့သည်။

မဲဆန္ဒခံယူပွဲရလဒ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၉၂% ကျော်ထောက်ခံသဖြင့် စစ်အစိုးရထောက်ခံသူများမှာ လုပ်ငန်းအောင်မြင်သည်ဟု သုံးသပ်ကြကာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသအတွက် လျှို့ဝှက်ဆွေးနွေးမှုများလည်း ရှိနေသည်။ ထို့ပြင် နမ့်ဆန်ခေါင်းဆောင်ပိုင်း သတင်းရပ်ကွက်အတွင်းတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ကြံ့ခိုင်ရေးခေါင်းဆောင် ဦးခွန်ပွင့်၊ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးညွှန့်မောင်၊ ဦးကျော်အုံး၊ ဦးထွန်းကျော်၊ ပလောင် တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင် ဦးအုန်းခိုင်နှင့် စစ်ဘက်မှ ကိုယ်စားလှယ် သုံးဦးတို့အား လူထုကိုယ်စားလှယ်အဖြစ် ကြိုတင်လျာထားကြောင်းလည်း သတင်းများလည်း ထွက်ပေါ်နေလျက်ရှိသည်။ ပလောင်ဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ကိုယ်စားလှယ် ၁၀ ဦး လျာထားပြီး ၈ ဦး၏အမည်စာရင်းကိုကြိုတင်သိရှိနေရပြီး ကျန် ၂ ဦးမှာ ပလောင်

တိုင်းရင်းသားအဖွဲ့မှ ခေါင်းဆောင်များဖြစ်နိုင်သည်ဟု ၂၀၁၀ တွင်ကျင်းပမည်ဟု ကတိပေးထားသော နအဖ၏ အထွေထွေရွေးကောက်ပွဲမကျင်းပမီပင် လွှတ်တော်ကိုယ်စားလှယ်များ ကြိုတင်ထွက်ပေါ်ပြီး ဖြစ်သည် n

tce; (&)

yavmitvytz\ wuwe;tlujy(csursm;

မေလလူထုဆန္ဒခံယူပွဲသည် တရားမျှတမှုလုံးဝမရှိခြင်း၊ နိုင်ငံတကာစောင့်ကြည့်လေ့လာရေး အဖွဲ့များမပါရှိခြင်း၊ နအဖစစ်အုပ်စုတို့၏ လူထုဆန္ဒကို မသမာသည့်နည်းလမ်းပေါင်းစုံဖြင့် တဘက်သတ် အနိုင်ယူခဲ့ခြင်းသာ ဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထု ၉၂% ကျော် ထောက်ခံသည်ဟု ကြေညာသော်လည်း ထိုရလဒ်အဖြေမှာ မည်ကဲ့သို့မှ တရားဝင်မည်မဟုတ်ပေ။

ထို့ကြောင့် မေလလူထုဆန္ဒခံယူပွဲရလဒ်သည် ပြည်သူလူထုတို့၏ဆန္ဒကို မသမာသည့် နည်းလမ်းဖြင့် ရယူထားခြင်းဖြစ်ပြီး မြန်မာပြည်သူလူထုတရပ်လုံးကို အာဏာရှင်ဘေးဆိုးဒုက္ခတွင်းထဲသို့သာ ဆွဲခေါ်သွားမည်ဖြစ်သည့်အတွက်ကြောင့် မြန်မာပြည်သူလူထုတရပ်လုံး အပါအဝင် ပြည်တွင်းပြည်ပရှိ တိုင်းရင်းသား နိုင်ငံရေးအင်အားစုများ၊ အပစ်အခတ်ရပ်စဲရေးအဖွဲ့များ ၊ ပြည်တွင်းပြည်ပရှိ နိုင်ငံရေး ပါတီများနှင့် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာမိသားစုအားလုံးက စုစည်းညီညွတ်စွာ ဝိုင်းဝန်းကန့်ကွက်ကြရန်နှင့် မြန်မာပြည်၏ နိုင်ငံရေးပြဿနာကို ဝိုင်းဝန်းအဖြေရှာကြပါရန် လူထုဆန္ဒခံယူပွဲအား ဆန့်ကျင်သည့် ပလောင်အလုပ်အဖွဲ့မှ အကြံပြုတောင်းဆိုလိုက်ပါသည်။

နအဖ၏ လူထုဆန္ဒ ခံယူပွဲအား ဆန့်ကျင်သည့် ပလောင်အလုပ်အဖွဲ့
၃၁ ရက် မေလ ၂၀၀၈ ခုနှစ်

လူထုဆန္ဒခံယူပွဲအတွင်း မဲရုံများတွင် တွေ့ရှိသော အချက်အလက်ပြဇယား

(ဒေသအတွင်းရှိ မဲရုံအားလုံး၏စာရင်းမဟုတ်ပါ။ တိတိကျကျစောင့်ကြည့်နိုင်သည့် မဲရုံစာရင်းများကိုသာ ဖော်ပြထားပါသည်။)

	မြို့နယ်/မဲရုံအမှတ်					တွေ့ရှိခဲ့သောမသမာသည့်နည်းလမ်းအသုံးပြုမှုများ											
		ပေးပို့ခွင့်	ထောက်	ကန့်	ပယ်	က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ဉ	ဋ	ဌ
	နမ့်ဆန်မြို့နယ်																
၁	ဟူခင်းကျေးရွာအုပ်စု	၁၇၄၅	၁၇၂၀	N/A	၂၅		×		×		×			×	×	×	
၂	ကယားလမ်းကျေးရွာအုပ်စု	N/A	၁၄၀၀+	N/A	၀	×	×	×	×		×			×		×	
၃	ကျောက်ဖြူရုံအုပ်စု	N/A	၁၃၀၀+	၃	၀	×	×		×			×	×	×	×	×	
၄	ကွမ်ဟယ်ရွာအုပ်စု	N/A	၁၃၀၀+	၁၈	၂၅		×		×		×	×	×	×		×	×
၅	ဘုရားကြီးအုပ်စု	N/A	၁၃၀၀+	N/A	၀		×	×	×		×			×		×	
၆	မင်္ဂလာရပ်ကွက်	N/A	၁၃၀၀+	N/A	၀	×	×		×	×	×			×		×	×
၇	နမ္မဝေါရပ်ကွက်	N/A	၁၃၀၀+	N/A	၅		×		×	×	×			×		×	
	မန်တုန်မြို့နယ်																
၈	နားအော်အုပ်စု၊ မန်စပ်	၁၂၄၁	၁၂၄၁	၀	၀	×	×		×	×		×					×
၉	နားအော်အုပ်စု၊ ပန်ယောင်	၅၂၂	၅၁၂	၁၀		×	×		×	×	×	×	×	×			×
၁၀	မန်ပွန်းအုပ်စု	၈၇၆	၈၅၁	၀	၂၅		×					×	×	×		×	
၁၁	ဆိုင်းလိန် အုပ်စု	N/A	N/A	N/A	N/A	×	×		×		×		×	×	×		
၁၂	မြို့မ	N/A	N/A	N/A	N/A		×			×		×	×				
	နမ့်ခမ်းမြို့နယ်																
၁၃	ဟိုနောင်းမဲရုံ အမှတ် ၄	၁၅၅၉	၇၀၄	၈၄၅	၁၀	×			×					×			×
၁၄	မင်္ဂလာကွက်သစ်	၁၇၇၂	၁၃၃၆	၄၃၆					×		×		×	×			×
၁၅	မြို့လယ်ဘုရားကျောင်း	၁၅၅၀	၇၀၀	၈၅၀					×			×	×	×		×	
၁၆	ခေ့ခန်းဟတ်ဟင်၊ နောင်ချိန်	၁၀၃၄	၅၈၀	၄၅၀	၄		×		×		×			×			
၁၇	ရက်ကွပ်(၁) အမှတ် ၁	၂၄၀၀	၉၀၀	၁၅၀၀				×	×		×				×		
၁၈	နောင်ခါးကျေးရွာ	၇၈၁	၇၇	၆၇၄	၃၀			×	×			×		×	×		
၁၉	ပန်းခမ်းကျေးရွာ အုပ်စု	၁၃၉၄	၃၉၃	၉၅၀	၅၁		×		×		×			×	×		
၂၀	မန်စပ်ကျေးရွာ အုပ်စု	၂၂၀၂	၂၁၁၂	၄၈	၄၂	×			×		×	×		×	×	×	
၂၁	မန်အောင်ကျေးရွာ အုပ်စု	၁၁၈၀	၉၀၀	၂၆၄	၁၆	×		×	×		×	×	×		×	×	
၂၂	ဖာလင်ကျေးရွာအုပ်စု	၁၄၀၇	၁၂၇၂	၁၂၇	၈	×			×		×	×		×			
၂၃	မိုင်းဝီးရွာမကြီး	၁၃၅၈	၁၃၂၅	၃၁	၂	×			×	×	×	×	×	×		×	
	မုဆယ်မြို့နယ်																
၂၄	ခရစ်ယာန်ရပ်ကွက်	N/A	၁၅၅၀	၃၅၀	–		×	×	×		×			×			
၂၅	ကောင်းမွန်တံခါးပေါက်ကွက်	N/A	၉၄၁	၆၁၁	–			×	×		×			×	×		
	ကွတ်ခိုင်မြို့နယ်																
၂၆	ရပ်ကွက် ၅	N/A	၁၄၅၂	၁၂၈	၄၅	×	×		×		×	×	×	×			×
၂၇	မော်ဟန်	N/A	၁၄၆၂	၃၉	၁၂	×	×	×	×	×			×	×			×
၂၈	မန်နောင်	၁၆၁၁	၁၃၈၉	၃	၁၀	×	×	×	×		×	×	×				
၂၉	ရပ်ကွက် ၂	၁၄၁၉	၁၄၄၅	၉၆	၅၅		×		×		×	×	×	×	×		×
၃၀	ပန်ကြမ်၊ လွယ်ရွမ်		၈၁၅	၆၃	၄၅	×	×	×	×	×	×		×	×		×	

	မြို့နယ်/မဲရုံအမှတ်						တွေ့ရှိခဲ့သောမသမာသည့်နည်းလမ်းအသုံးပြုမှုများ										
	ကွတ်ခိုင်မြို့နယ်	ပေးပို့ခ်ခွင့်	ထောက်	ကန့်	ပယ်	က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ည	ဋ	ဌ
၃၁	ရပ်ကွက် ၃	၂၅၂၈	၁၇၂၈	၁၀	၅၄		×	×	×			×	×	×			
၃၂	ရပ်ကွက် ၁		၁၇၂၆	၆၀	၅၇		×		×	×	×		×	×	×		×
၃၃	နမ့်ဖက်ကာ မဲရုံအမှတ် ၃	၂၃၉၁	၁၈၀၉	၇၅	၅၇	×	×	×	×	×		×	×				×
	ကျောက်မဲမြို့နယ်																
၃၄	ရပ်ကွက် ၈ မဲရုံအမှတ် ၁	၂၅၀၄	N/A	N/A	N/A			×	×			×	×	×		×	
၃၅	ရပ်ကွက် ၈ မဲရုံအမှတ် ၂	၄၁၀၄	N/A	N/A	N/A	×	×		×		×		×	×		×	
၃၆	ရပ်ကွက် ၉ မဲရုံအမှတ် ၁	၂၃၀၀+	N/A	N/A	N/A		×	×	×			×		×		×	
၃၇	ရပ်ကွက် ၉ မဲရုံအမှတ် ၂	၃၁၀၀+	N/A	N/A	N/A		×		×		×		×	×		×	
၃၈	ကျွဲကုန်းအုပ်စု	၁၆၀၀+	N/A	N/A	N/A		×	×	×			×	×	×		×	
၃၉	ခိုမုန်းအုပ်စု	၂၃၅၀+	N/A	N/A	N/A		×		×		×		×	×		×	
၄၀	ရပ်ကွက် ၁ (အလက ၁)	၁၂၅၀+	N/A	N/A	N/A			×	×				×	×		×	
	သီပေါမြို့နယ်																
၄၁	ရပ်ကွက် ၁	၂၃၀၀+	N/A	N/A	N/A	×	×	×	×		×		×	×	×	×	
၄၂	ရပ်ကွက် ၃	၁၄၀၀+	N/A	N/A	N/A		×		×		×	×	×	×		×	
၄၃	မိုးတောကျေးရွာအုပ်စု	၂၁၅၀+	N/A	N/A	N/A		×		×	×			×	×		×	
	နမ္မတူမြို့နယ်																
၄၄	ရပ်ကွက် (၈/၁/၂)	၂၄၀၇	၂၂၀၀	၂၀၀	၇		×		×		×		×	×			
၄၅	ရပ်ကွက် (၃/၄/၅/၆)	၃၆၈၇	၃၅၀၀+	၂၄၇	၁၄၀		×		×				×			×	
၄၆	နမ့်တောင်ကုန်း		၇၀၀		၅၅	×		×	×		×	×	×		×	×	
